# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၃)ရက် ၊ တနင်္ဂနွေနေ့ ၊ (19-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၇၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး




**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို ယနေ့ နေ့လယ်ပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနား တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား**

စာမျက်နှာ - ၁၆




ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၉ ရက်

**အယ်ဒီတာ့အာဘော်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအားပေး

စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများမြှင့်တင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည်။ ဒေသများအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ပါက ဒေသတွင်းစားသုံးမှု၊ သုံးစွဲမှုဖူလုံစေရုံသာမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိကာ နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်သည်။

နိုင်ငံ၏ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ဒေသတွင်းထွက်ရှိသည့်စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် တွေ့ဆုံအမှာစကားပြောကြားရာတွင် **"မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ အဆိုပါ လူဦးရေထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကိုမြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုကို တစ်ပါတည်းလျှော့ချနိုင်မည်ဖြစ်ကြောင်း"** စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိစေရေး ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေများလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးမြေများကို စနစ်တကျဖြင့် မှန်မှန်ကန်ကန်အသုံးချမှုရှိစေရေးကြပ်မတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် ဒေသတွင်းရှိ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူသူများအနေဖြင့် နည်းစနစ်ကျနစွာစနစ်တကျလိုက်နာ၍ စိုက်ပျိုးမွေးမြူပါက ဒေသတွင်းစီးပွားလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းမှသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆီ ဦးတည်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးနိုင်ပါက ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရုံသာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအသီးသီးရှိပြည်သူများက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးကာ အတူတကွပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ရက် ၇၀ သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

## မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည်ပါဝင်မည်ဖြစ်သည်၊
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ(၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာမဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကိုပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြားရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကိုပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၆၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ်ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၂ ဒသမ ၁၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ အစေ့ထုတ်ပြောင်း ၂၁၆၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်အောင်၊ ပိုးမွှားကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးခဲ့တယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာသင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းသီးနှံကို ပိုမိုကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မန္တလေးတိုင်းဒေသကြီး ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်



**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် အလှူရှင်များက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုတွင် စေတနာရှင်၊ အလှူရှင်များဖြစ်သည့် ခိုလုံလီရှောတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က လှူဒါန်းငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကာ ကျေးဇူးတင်စကားများပြောကြားခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့် နေရာများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မသန်စွမ်းသူများ ကိုယ်တိုင်ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်း ဆောင်ရွက်



**မန္တလေး အောက်တိုဘာ ၁၈**

မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့်မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အောင်မြေသာစံမြို့နယ်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မသန်စွမ်းသူများ အသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက မသန်စွမ်းသူများ ကိုယ်တိုင်ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းကျင်းပခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီးနောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဆန်းက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုရခြင်းနှင့်အသုံးပြုပုံတို့ကို Power-point ဖြင့်ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဥက္ကဋ္ဌဦးစိုင်းအောင်ထက်ကကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ မသန်စွမ်းသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် အမြင်အာရုံမသန်စွမ်းသူများအတွက် မျက်မမြင်လက်စမ်းစာ(Braille)ကိုအခြေခံ၍ လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်**

# သဲကုန်းမြို့နယ် မင်းပုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းပုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မင်းပုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ရန်ပုံငွေကျပ် ၃၈ ဒသမ ၇၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# အမရပူရမြို့နယ် ကန်ရိုးကျေးရွာ၌ ဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးစီးမှု စစ်ဆေး

**အမရပူရ အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ရိုးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်အင်ဂျင်နီယာ ဝန်ထမ်းများက ကန်ရိုးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အမရပူရမြို့နယ် ကန်ရိုးကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ပေ ၄၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် VDP ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ခုနစ်သန်း စုစုပေါင်းငွေကျပ် ၂၂ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ယခုနှစ်ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ကလေးဝ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၂၈ ဧကနှင့် ဖူးစားပြောင်း ၂၄၅၅ ဧက စုစုပေါင်း ၂၆၈၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၃၆ ဒသမ ၈၉ တင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းအဖူးရေ ၁၇၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၂၆၈၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းစိုက်ခင်းတွေ လက်ရှိမှာ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင်အသိပညာပေးဆောင်ရွက်ပေးခဲ့တယ်" ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာသင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်းစသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပြောင်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ **(၂၀၆)**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးသွားမည်

**မြောင်းမြ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


မြောင်းမြမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ကို ယခုနှစ်နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပိုက်ဆန်လျှော်ကို စိုက်ပျိုးခြင်းက အကျိုးကျေးဇူးများစွာရှိပါတယ်။ စိုက်ပျိုးမြေတွေမှာ ဓာတုဓာတ်မြေဩဇာတွေသုံးစွဲမှုလျော့နည်းသွားမယ်။ ဓာတ်မြေဩဇာတွေကြောင့် မြေဆီလွှာပျက်စီးမှုတွေ လျော့နည်းမယ်။ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးခြင်းလုပ်ငန်းကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကို စိုက်ပျိုးပြီးမြေဩဇာအစားထိုး ပြန်လည်ထည့်သွင်း အသုံးပြုခြင်းကြောင့် ဓာတ်မြေဩဇာများအသုံးပြုမှုကို လျော့နည်းခြင်း၊ ဓာတုဓာတ်မြေဩဇာများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုသက်သာခြင်း၊ စားသုံးသီးနှံများ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ မျိုးကောင်းမျိုးသန့်များကို ဆင့်ပွားထုတ်လုပ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ များစွာရရှိကြောင်း သိရသည်။

သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ယုံကြည်မှုနှင့်စီးပွားအောင်မြင်ရေး

**မျိုးသူ(ကုန်သွယ်မြှင့်)**

နည်းပညာများ အရှိန်အဟုန်ဖြင့်တိုးလာသည်နှင့်အမျှ လူသား၏အရေးပါမှုသည် လျော့နည်းလာသကဲ့သို့ ခံစားလာကြရမည်။ မည်သို့ပင်ဆိုစေကာမူ လူသား၏ စိတ်ပိုင်းဆိုင်ရာခံစားချက်များနှင့် အတွေးအခေါ်များ၊ ဆင်ခြင်တုံတရားများကိုမူ နည်းပညာများဖြင့်လုပ်ယူရန် ခက်ခဲနေသည်သာဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင် မဟာဗျူဟာနည်းလမ်းများ၊ စီမံခန့်ခွဲမှုနည်းစနစ်များနှင့် နည်းပညာပိုင်းဆန်းသစ်တီထွင်မှုများသည် စီးပွားရေးလုပ်ငန်းများအတွက် အောင်မြင်မှုကို ရယူသည့်နည်းလမ်းများဖြစ်သည်ဟု ဖော်ပြတတ်ကြသည်။ သို့သော်လည်း ဤအရာအားလုံး၏ အခြေခံအုတ်မြစ်အဖြစ် တည်ရှိနေသောအရာမှာ ယုံကြည်မှုရှိခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့၏ လူမှုရေးဖြစ်စေ၊ စီးပွားရေးဖြစ်စေ မျှော်မှန်းချက်ပန်းတိုင် Vision ရှိကြသည်။ ထိုပန်းတိုင်သို့ရောက်အောင် အဓိကတွန်းပို့သောအားမှာ ယုံကြည်မှုပင်ဖြစ်သည်။ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း၊ မိမိ၏အင်အား၊ ခံယူချက်များကို ယုံကြည်မှုအပြည့်ဖြင့်လုပ်ကိုင်ခြင်းဖြင့် မျှော်မှန်းချက်ပန်းတိုင်ကို ချီတက်ကြရသည်သာဖြစ်သည်။ ယုံကြည်မှုသည် ကတိသစ္စာ တစ်ခုတည်းသာမဟုတ်ဘဲ ခိုင်မာသော စီးပွားရေးလုပ်ငန်းတည်ဆောက်ခြင်း၊ ဈေးကွက်အတွင်းခိုင်မာသော နေရာတစ်နေရာကို ကြာရှည်ဆုပ်ကိုင်ထားနိုင်ခြင်း၊ အောင်မြင်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်ခြင်း စသည့် အကျိုးတရားများဖြစ်စေသော အကြောင်းတရားမှာ "ယုံကြည်မှု"ပင်ဖြစ်သည်။

**စီးပွားရေးတန်ဖိုး**

စီးပွားရေးလုပ်ငန်းများတွင် အရည်အသွေးကောင်းခြင်းသည် ကြီးမားသောတန်ဖိုးဖြစ်သည်။ အရည်အသွေးဆိုရာတွင် ထုတ်လုပ်ရောင်းချသည့် ကုန်ပစ္စည်းအရည်အသွေးကောင်းခြင်း တစ်ခုတည်းသာ မဟုတ်ဘဲ အလေးချိန်မှန်ကန်ခြင်း၊ ဈေးနှုန်းမှန်ကန်ခြင်း၊ ဝန်ဆောင်မှုကောင်းမွန်ခြင်း၊ ယုံကြည်စိတ်ချရခြင်း၊ ကတိကဝတ်တည်ကြည်ခြင်း၊ ဖောက်သည်အပေါ် သစ္စာရှိခြင်း စသည့်အချက်များသည်လည်း စီးပွားရေးလုပ်ငန်းတစ်ခု၏ တန်ဖိုးများဖြစ်ကြသည်။ ထိုအထဲတွင် ယုံကြည်မှုသည် အားလုံးအတွက် များစွာလိုအပ်သော စီးပွားရေးတန်ဖိုး တစ်ခုဖြစ်သည်။ ရောင်းသူက ဝယ်ယူသူကို ယုံကြည်ရပြီး ဝယ်ယူသူကလည်း ရောင်းသူကိုယုံကြည်စိတ်ချပါက စာချုပ်စာတမ်းများ ဥပဒေဆိုင်ရာ စိစစ်ရမှုများလည်း လျော့နည်းမည်ဖြစ်ပြီး စာချုပ်စာတမ်းနှင့် ဥပဒေရေးရာ ဆောင်ရွက်ရမှုများအတွက် အချိန်နှင့် ငွေကြေးကုန်ကျခြင်းကို များစွာလျော့နည်းစေသည်။ ချိတ်ဆက်ဆောင်ရွက်ရမှုများတွင်လည်း ပိုမိုမြန်ဆန်ထိရောက်မှုရှိမည်ဖြစ်သည်။ သို့သော် ထိုသို့သော ယုံကြည်မှုသည် လွယ်လွယ်နှင့် တည်ဆောက်နိုင်မည်ဟု ယူဆ၍မဖြစ်နိုင်ပေ။ အချိန်များစွာယူပြီး ကတိတည်ကြည်မှု၊ ပြောသည့်အတိုင်း၊ ကတိပြုသည့်အတိုင်း မှန်မှန်ကန်ကန်ဆောင်ရွက်မှုစသည့် ယုံကြည်မှုတည်ဆောက်ရသည့်အချိန်နှင့် ဆက်ဆံရေးများများစွာလိုအပ်မည်ဖြစ်သည်။

ထို့ပြင် လုပ်ငန်းခေါင်းဆောင် သို့မဟုတ် မန်နေဂျာနှင့် အဖွဲ့ဝင်များကြားတွင် ယုံကြည်မှုကောင်းသော ပတ်ဝန်းကျင်ကို တည်ဆောက်ထားပါက အဖွဲ့ဝင်များအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုများ ပိုမိုရှိလာမည်ဖြစ်သည်။ ခေါင်းဆောင်၏ ဦးဆောင်ရာနောက်သို့ တက်တက်ကြွကြွ မခိုမကပ်ဘဲ လိုက်ပါဆောင်ရွက်ကြမည်ဖြစ်ပြီး အဖွဲ့ဝင်များ၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်နှင့် ကုန်ထုတ်လုပ်နိုင်စွမ်းများ တိုးပွားစေမည်ဖြစ်သည်။

ဖောက်သည်များသည်လည်း ကိုယ်တိုင် ယုံကြည်စိတ်ချရသည့်ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းထံမှသာ ဝယ်ယူလေ့ရှိသည်။ ဆက်ဆံလေ့ရှိသည်။ ကိုယ်တိုင်ဝယ်ယူအားပေးသည့်အပြင် ထိုလုပ်ငန်းအတွက်လည်း ဖောက်သည်အသစ်များ ရှာဖွေပေးခြင်း၊ ကောင်းသတင်းဖြန့်ဝေ၍ အခမဲ့ကြော်ငြာပေးခြင်းများကို ဆောင်ရွက်ပေးတတ်သည်။ ထို့ကြောင့် သစ္စာရှိဖောက်သည်များသည် လုပ်ငန်းတစ်ခုအတွက် များစွာအားကိုးရသော ကြော်ငြာသူများ၊ ဖောက်သည်အသစ်ရှာဖွေသူများဖြစ်သည်။ ထိုသို့ သစ္စာရှိဖောက်သည်များရရှိရေးအတွက် လုပ်ငန်းတစ်ခုသည် ယုံကြည်မှုကို ရာနှုန်းပြည့်တည်ဆောက်ထားရန် လိုအပ်သည်။ နောက်ဆုံးတစ်ခုအနေဖြင့် ယုံကြည်မှုရှိနိုင်သော လုပ်ငန်းတစ်ခုသည် မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ တိုးတက်ရရှိလာမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းများ တိုးမြင့်လာမည်ဖြစ်သည်။

**ယုံကြည်မှုတည်ဆောက်ခြင်း**

ယုံကြည်မှုသည် တစ်နေ့တစ်ရက်တည်းဖြင့် လွယ်လွယ်ကူကူရရှိနိုင်သော အရာမဟုတ်ပေ။ အောက်ပါလုပ်ဆောင်ချက်များမှတစ်ဆင့် တဖြည်းဖြည်းချင်း တည်ဆောက်ရသော အရာတစ်ခုသာဖြစ်ပါသည်။

**ကတိကဝတ်ကို တည်တံ့စွာ ထားရှိပါ**

မည်သည့်လုပ်ငန်းတွင်မဆို ဝယ်ယူသူ သို့မဟုတ် ဝန်ထမ်းတို့အပေါ်တွင် ပေးလိုက်သော ကတိကို လေးစားလိုက်နာပြီးဖြစ်အောင် ဆောင်ရွက်ပေးရန် လုပ်ငန်းရှင်တွင်တာဝန်ရှိသည်။ ထိုအချက်ကို စဉ်ဆက်မပြတ် အချိန်တိုင်းလိုက်နာနေရန်လိုအပ်သည်။ ပြောသည့်အတိုင်း လုပ်ဆောင်သည်၊ ကတိပြုသည့်အချက်သေးငယ်သော်လည်း မပျက်မကွက်ဆောင်ရွက်သည်၊ ရိုးသားဖြောင့်မတ်မှန်ကန်သည် တို့သည် ယုံကြည်မှု၏ အခြေခံများပင်ဖြစ်သည်။ ဤအချက်ဖြင့် ယုံကြည်မှုအုတ်မြစ်ကို ချနိုင်သည်။

**ပွင့်လင်းမြင်သာရှိပါ**

လုပ်ကိုင်သော အလုပ်တွင် ဖောက်သည်အပေါ်တွင်ဖြစ်စေ၊ မိမိလုပ်သားနှင့် ဝန်ထမ်းများအပေါ်တွင်ဖြစ်စေ ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ကိုင်ရမည်ဖြစ်သည်။ မည်သည့်အတွက် ဤသို့ဆောင်ရွက်သည်ဆိုသည်ကို ရှင်းလင်းပြောကြားနေရန်လိုအပ်သည်။ မတော်တဆ မှားယွင်းမှုများကိုလည်း ဝန်ခံနိုင်ရမည်ဖြစ်သည်။ ဖုံးကွယ်မှုနည်းလေလေ ယုံကြည်မှုကို ရရှိလေလေဖြစ်ပြီး ဖုံးကွယ်မှုများလေလေ ယုံကြည်မှု ပျောက်ဆုံးလေလေ ဖြစ်သည်။

**❖ စီးပွားရေးလုပ်ငန်းများတွင် အရည်အသွေးကောင်းခြင်းသည် ကြီးမားသောတန်ဖိုးဖြစ်သည်။ အရည်အသွေးဆိုရာတွင် ထုတ်လုပ်ရောင်းချသည့် ကုန်ပစ္စည်းအရည်အသွေးကောင်းခြင်း တစ်ခုတည်းသာ မဟုတ်ဘဲ အလေးချိန်မှန်ကန်ခြင်း၊ ဈေးနှုန်းမှန်ကန်ခြင်း၊ ဝန်ဆောင်မှုကောင်းမွန်ခြင်း၊ ယုံကြည် စိတ်ချရခြင်း၊ ကတိကဝတ်တည်ကြည်ခြင်း၊ ဖောက်သည်အပေါ်သစ္စာရှိခြင်း စသည့်အချက်များသည်လည်း စီးပွားရေးလုပ်ငန်းတစ်ခု၏ တန်ဖိုးများဖြစ်ကြသည်။ ထိုအထဲတွင် ယုံကြည်မှုသည် အားလုံးအတွက်များစွာလိုအပ်သော စီးပွားရေး တန်ဖိုးတစ်ခုဖြစ်သည်။ ❖**

**တာဝန်ယူမှုရှိပါ**

လုပ်ငန်းတစ်ခုတွင် အစဉ်အမြဲကောင်းမွန်သော ရလဒ်များသာ ရရှိသည်မဟုတ်ပေ။ တစ်ခါတစ်ရံ ဆိုးသော၊ ညံ့သော ရလဒ်များလည်းရတတ်သည်။ ထိုအခါတွင် ရှောင်လွှဲခြင်း၊ ဖုံးကွယ်ခြင်းမျိုးမပြုလုပ်ဘဲ အဖြစ်မှန်အတိုင်း ဖော်ပြသင့်သည်။ သို့မှသာ ဖောက်သည်များနှင့် ဝန်ထမ်းများ၏ယုံကြည်မှုကို ရရှိစေနိုင်သည်။ တာဝန်ယူရမည့်ကိစ္စကို တာဝန်ရှောင်လွှဲခြင်း၊ အခြားသူများအပေါ် လွှဲချအပြစ်တင်ခြင်းများသည် ယုံကြည်မှုကို ဆိုးရွားစွာထိခိုက်စေသည်။

**ဟန်ချက်ညီပါစေ**

အကျိုးစီးပွားရရှိလာသည့်အခါတွင် မိမိတစ်ဦးတည်းအတွက်သာ ကြည့်ခြင်းမျိုးကိုရှောင်ရမည်ဖြစ်သည်။ အကျိုးစီးပွားအနက်မှ ရာခိုင်နှုန်းတစ်ခုကို ဖောက်သည်များအတွက်လည်းကောင်း၊ ဝန်ထမ်းများအတွက်လည်းကောင်း၊ မိတ်ဖက်များအတွက် လည်းကောင်း ဆောင်ရွက်ပေးရန်လိုအပ်သည်။ ထိုအထဲတွင် CSR-Corporate Social Responsibility ဟူသော လူမှုရေးတာဝန်ခံမှု၊ တာဝန်ယူမှုမျိုးကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုမည့် ဆောင်ရွက်ပေးမှုမျိုးကိုလည်းကောင်း၊ ဖောက်သည်များနှင့် အခြားသူများ၏ လူမှုရေးအတွက် အကျိုးရှိမည့်ကိစ္စများကိုလည်းကောင်း၊ ကမ္ဘာမြေကြီး ရေရှည်တည်တံ့ရေးအတွက်လည်းကောင်း ဆောင်ရွက်ပေးသည့် အချက်များကို ဟန်ချက်ညီညီ ထည့်သွင်းပေးရမည်ဖြစ်သည်။

**စဉ်ဆက်မပြတ်ဆက်သွယ်ပါ**

မည်သည့်အခြေအနေမျိုးတွင်မဆို ဆက်သွယ်ရေးမပြတ်တောက်စေခြင်းသည် နားလည်မှုမှားယွင်းခြင်းများကို ပြေပျောက်စေနိုင်သည်။ မိမိလုပ်ငန်းအပေါ် မှားယွင်းသော အမြင်များကို ချေဖျက်နိုင်ရန်မှာ ဖောက်သည်များနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ဆက်ဆံနေရေးပင်ဖြစ်သည်။ ထိုသို့ အမြင်မှား၊ အထင်မှားများကို ချေဖျက်နိုင်မှသာ ယုံကြည်မှုကို မြင့်တက်စေမည်ဖြစ်သည်။ ယခုဖော်ပြသောအချက်များသည် စီးပွားရေးလုပ်ငန်းတစ်ခုအတွက် စတင်တည်ထောင်သည်မှစ၍ ဆောင်ရွက်နေရမည့် သို့မဟုတ် တည်ဆောက်နေရမည့် ယုံကြည်မှု အဆောက်အအုံများပင်ဖြစ်သည်။ ယုံကြည်အားထားရသော စီးပွားရေးလုပ်ငန်းတစ်ခုသည် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ရေရှည်ကြီးပွားတိုးတက်စေသည့် အခွင့်အလမ်းများကို ပိုမိုပွင့်လန်းစေသည်သာဖြစ်သည်။ ယုံကြည်မှုသည် စီးပွားရေးအောင်မြင်မှုအတွက် ရှောင်လွှဲ၍မရသော အခြေခံအကျဆုံးလိုအပ်ချက်တစ်ခုဖြစ်သည်ဟုခံယူ၍ ယုံကြည်မှုရှိအောင် တည်ဆောက်ရမည်ဖြစ်သည်။

**တစ်ချက်ပြောင်းလဲခြင်းဖြင့် အားလုံးကိုတိုးတက်စေမည်**

အချက်တစ်ချက်ကို ပြောင်းလဲပေးခြင်းသည် အားလုံးသော တိုးတက်မှုများကို ရရှိစေနိုင်သည်ဟု Stephen M.R. Covey က သူ၏ The Speed of Trust စာအုပ်တွင် ဖော်ပြထားသည်။ ထိုသို့အရာအားလုံးကို ပြောင်းလဲတိုးတက်စေသော အရာတစ်ခုမှာ "ယုံကြည်မှု" ပင်ဖြစ်သည်။ ယုံကြည်မှုမြင့်မားသည်နှင့်အမျှ လုပ်ငန်း၏အရှိန်အဟုန်ကို မြင့်မားစေမည်ဖြစ်သည်။ လုပ်ငန်း၏ အရှိန်အဟုန်မြင့်တင်နိုင်ခြင်းသည် စရိတ်စကများကို များစွာလျော့နည်းသွားစေမည်ဖြစ်သည်။ ထို့ကြောင့် စရိတ်စကများလျော့နည်းသည်နှင့်အမျှ လုပ်ငန်းသည်လည်း ပို၍တွင်ကျယ်လာမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းတိုးတက်ခြင်း စက်ဝိုင်းသည် တစ်စတစ်စ ကျယ်ဝန်းလာမည်ဖြစ်သည်။

**မိမိဘာသာ ယုံကြည်ခြင်း**

ယုံကြည်မှုတည်ဆောက်ရာတွင် မိမိဘာသာ မိမိယုံကြည်မှုအပြည့်အဝရှိရမည်ဖြစ်သည်။ အခြားသူများ၏ ယုံကြည်မှုကို ရရှိရေးသည် မိမိကိုယ်ကို ယုံကြည်ခြင်းက စတင်ရမည်ဖြစ်သည်။ မိမိဘာသာ ယုံကြည်နိုင်ရမည်ဖြစ်ပြီး ထိုသို့ယုံကြည်မှုကို ရရှိရေးအတွက် Integrity ဟူသော ရိုးသားဖြောင့်မတ်ခြင်း၊ ပြည့်စုံသော တည့်မတ်မှန်ကန်ခြင်း၊ သမာဓိတရားပြည့်ဝခြင်းများ ရှိရန်လိုအပ်သည်။ ထို့နောက်တွင် Intent ဟူသော ရည်ရွယ်ချက် ပြတ်ပြတ်သားသားရှိရမည်။ Capability ဟူသော ကျွမ်းကျင်မှုစွမ်းရည်၊ အရည်အချင်းကောင်းများ၊ ဗဟုသုတကြွယ်ဝခြင်းတို့ ရှိရမည်ဖြစ်သည်။ နောက်ဆုံးတစ်ခုအနေဖြင့် ကတိတည်ကြည်ခြင်း၊ ပေးထားသော ရလဒ်ကောင်းများ ရအောင် စွမ်းဆောင်နိုင်ခြင်းတို့ ရှိရမည်။

**ယုံကြည်မှုပြည့်ဝသော ဆက်ဆံရေး**

မိမိကိုယ်ကို ယုံကြည်ခြင်းကို တည်ဆောက်နိုင်သည့်အခါတွင် အခြားသူများနှင့် ဆက်ဆံရာတွင် ယုံကြည်မှုကို အပြည့်အဝတည်ဆောက်နိုင်ရန်လိုအပ်သည်။ မှန်မှန်ကန်ကန်နှင့်ရိုးရိုးသားသား ပြုမူပြောဆိုခြင်း၊ လေးလေးစားစားနှင့် ပြတ်ပြတ်သားသား ပြောဆိုခြင်း၊ လိမ်လည်လှည့်ဖြားခြင်း သို့မဟုတ် အချက်အလက်များကို လိမ်လည်ခြင်းများကို ရှောင်ရှားရပါမည်။ ထို့ပြင် အခြားသူများကို စိတ်ရင်းအမှန်ဖြင့် ဂရုစိုက်ရန်လိုအပ်သည်။ လူတိုင်းကို လေးလေးစားစား ဆက်ဆံနိုင်ရန် လိုအပ်သည်။ အခြားသူများနှင့်ဆက်ဆံရာတွင် စိတ်ရင်းအမှန်နှင့် ဂရုစိုက်ပြောဆိုပါ။ လူတိုင်းကို အခန်းကဏ္ဍတိုင်းတွင် လေးစားမှုဖြင့် ဆက်ဆံပါ။ ပွင့်လင်းမြင်သာမှုရှိပါစေ၊ ဖုံးကွယ်ဆက်ဆံခြင်းမျိုးကို ရှောင်ပါ။ မှားယွင်းမိလျှင်လည်း ဝန်ခံရန်မကြောက်ပါနှင့်။ လျင်မြန်စွာ တောင်းပန်ပြီး ဖြစ်နိုင်လျှင် ပြန်လည်ပြုပြင်ပေးပါ။ မာနကိုဘေးဖယ်ထားပြီး မှန်မှန်ကန်ကန် လုပ်ဆောင်ပါ။

ထို့ပြင် အရေးတကြီး လုပ်သင့်သည်မှာ ချီးကျူးစရာတွေ့လျှင် လှိုက်လှိုက်လှဲလှဲ ချီးကျူးပေးပါ၊ အကောင်းပြောပေးပါ၊ ထိုသူ၏ ချီးမွမ်းထိုက်သည်များကို ပြောပါ၊ မိမိအဖွဲ့သားများအတွက်လည်း အစဉ်ရပ်တည်ပြောဆိုပါ။ အခြားသောအချက်များအနေဖြင့် ဆောင်ရွက်သင့်သည်များမှာ ကတိတည်ရမည်ဖြစ်၍ ကတိကို အလွန်အကျွံ မပေးမိစေရန်လည်းလိုအပ်သည်။ လုပ်နိုင်သည့်အတိုင်းအတာကို လိုက်၍သာ ကတိပြုပါ၊ ကတိပြုပြီးလျှင် ဖြစ်အောင်ဆောင်ရွက်ပေးပါ။ အချိန်နှင့် ကတိပြုသည့်အခါမျိုးတွင် အချိန်မီပြီးစီးအောင် ဆောင်ရွက်ပါ။

**စာမျက်နှာ ၅ သို့ á**

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒ့ါအပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ရလဒ်ကောင်းဖို့ ကြိုးစားစို့

- ကြံဆလို့ အနိုင်ယူ
 အောင်မြင်သူ ဖြစ်ဖို့အရေး၊
 အသိပညာ ဖွေရှာစု
 ပြုကျင့်မနေး။

- နည်းလမ်းမှန် ရှာကြံတွေး
 အရည်သွေး ပြည့်ဖို့လေ
 ကြိုးစားလို့နေ၊
 ယုံကြည်ချက် ခိုင်မာစေ
 ရလဒ်တွေ ပိုတိုးတက်၊
 အောင်မြင်ရာ ဘဝတစ်ခု
 အစပြုလျက်။

- ရည်ရွယ်ရာ ဘဝအတွက်
 ရှေ့ဆက်လို့ ပြင်ဆင်ကွယ်၊
 လမ်းမှန်ကို စနစ်တကျ
 သုံးကြဖို့ရယ်၊
 မှားနေက ပြုပြင်မယ်
 နောင်ခါဝယ် အမှန်တွေ့၊
 သင့်စိတ်မှာ အမှောင်မဖုံး
 ရွှင်ပြုံးကြည်မွေ့။ ။

ဖိုးပြည့်(ပတ္တမြား)

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၅၈၂၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၅၈၂၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၈၀၉၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၈၂၉ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၄ ဒသမ ၁၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နေကြာ ၁၈၀၉၃ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နေကြာရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကနီမြို့နယ်တွင် ဧက ၃၂၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၉၂၉ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၁၇၀၀ စုစုပေါင်း ၅၈၂၉ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ခြင်းများ ဆောင်ရွက် ပေးခဲ့ကြကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

မိမိကိုယ်ကို အစဉ်တိုးတက်အောင် ဆောင်ရွက်နေပါ၊ အစဉ်ထက်မြက်အောင် လေ့လာသင်ယူပါ။ စွမ်းရည်တိုးတက်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်ပါ။ အခြားလေးစားထိုက်သူများ၏အကြံဉာဏ်ကို ရယူပြီး အကောင်အထည်ဖော်ပါ။ ခက်ခဲသည့်ပြဿနာများကို ရဲရဲဝံ့ဝံ့ ဖြေရှင်းပါ။ အခြေအနေမှန်ကိုရင်ဆိုင်ပြီး ဖြေရှင်းပါ။ လုပ်ငန်းခွင်အတွင်းရှိ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်ဆံရေးတွင် မမျှော်လင့်သော အဖုအထစ်များကြုံတွေ့လျှင် ရှင်းရှင်းလင်းလင်းပြောဆိုဆွေးနွေးပြီး သဘောတူညီမှုရယူပါ။ မျှော်လင့်ချက်ပေး၍ မရှင်းမလင်း ဆောင်ရွက်သည်မျိုး မဖြစ်စေရန် ဂရုပြုရပါမည်။ ထို့ပြင် တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်ထားရှိရမည်။

အထက်ဖော်ပြပါအချက်များသည် ပေါင်းသင်းဆက်ဆံသူများနှင့် တွေ့ဆုံရာတွင် ဆောင်ရွက်ရမည့်အချက်များဖြစ်ပြီး စိတ်နေသဘောထားနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များကို ထပ်မံဖော်ပြရမည်ဆိုပါက မိမိအနေဖြင့် မပြောမီတွင် အရင်နားထောင်တတ်သည့်အလေ့ကို မွေးမြူထားပါ။ လိုအပ်ချက်များ၊ ခံစားချက်များကို အာရုံစိုက်နားထောင်ခြင်းဖြင့် တစ်ဖက်သားကို လေးစားလိုက်နာကြောင်းပြသပါ။ တစ်ဖက်လူကို နားလည်အောင် အရင်ကြိုးစားပါ။ ထို့ပြင် ကိုယ်လုပ်မည်ဟုပြောထားသည်များကို ဖြစ်အောင်လုပ်ပေးပါ။ လျှို့ဝှက်ချက်များကို ထိန်းသိမ်းပါ။ အခြားလိုက်နာသင့်သောအချက်များမှာ အန္တရာယ်ရှိနိုင်သော်လည်း အခြေအနေအားဖြင့် သင့်လျော်လျှင် တစ်ဖက်လူကို ယုံကြည်မှုပေးလိုက်ရန် လိုအပ်သည်။ ထိုသို့ယုံကြည်ပေးလိုက်ခြင်းဖြင့် သူတို့ထံမှ ယုံကြည်မှုကို ပြန်လည်ရရှိမည်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ယုံကြည်မှုကို အထိုက်အလျောက် ကိုယ်ကပေးသည့်အခါတွင် တစ်ဖက်လူထံမှ အပြည့်အဝယုံကြည်မှုများနှင့် လေးစားလိုက်နာခြင်းများကို ရရှိစေသည်။ ထိုအချက်သည် သစ္စာရှိဖောက်သည်များ ဖြစ်လာစေသော အချက်များလည်းဖြစ်သည်။ ကုမ္ပဏီတစ်ခုအတွင်းတွင် ယုံကြည်မှုပျောက်ဆုံးနေပါက အစည်းအဝေးများကို မကြာခဏ ကြာမြင့်စွာ ဆောင်ရွက်နေသည့်တိုင်အောင် ဆုံးဖြတ်ချက်များ မချမှတ်နိုင်ဘဲ လမ်းပျောက်နေတတ်သည်။ ထိုသို့ ဖြစ်နေခြင်းသည် စရိတ်စက မြင့်မားခြင်းနှင့် အချိန်ဖင့်နွှဲခြင်းများဖြစ်စေပြီး လုပ်ငန်းကြန့်ကြာကာ အောင်မြင်မှုနှင့်အလှမ်းဝေးသွားမည်ဖြစ်သည်။ ထို့ကြောင့် ယုံကြည်မှုဟူသော အချက်တစ်ချက်တည်းကို တည်ဆောက်နိုင်ရုံမျှဖြင့် အရာရာတွင် အောင်မြင်မှုများ၊ အဆင်ပြေမှုများကို ကြုံတွေ့ရပြီး စီးပွားရေးအောင်မြင်မှုကိုရရှိနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **Stephen M.R. Covey ၏ The Speed of Trust စာအုပ်။**

# ကြို့ပင်ကောက်မြို့နယ် ဂုမ္ဘကွင်း(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုမ္ဘကွင်း(အရှေ့)ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးအေးလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂၈ ဒသမ ၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂုမ္ဘကွင်း(အရှေ့)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အသေးစားကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၈ ဒသမ ၇ သိန်း ထုတ်ချေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က ပြောပြ၍ သိရသည်။

ကျော်ဦး

စာအုပ်စာပေ လူ့မိတ်ဆွေ

## နိုင်ငံတကာ သတင်းများ

# တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်တွင် စတင်မည်



**ပေကျင်း အောက်တိုဘာ ၁၈**

လေးရက်ကြာ ပါတီဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ရန် တရုတ်ကွန်မြူနစ်ပါတီက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးတွင် လာမည့်နှစ်များအတွက် ပင်မ စီးပွားရေး မဟာဗျူဟာတစ်ရပ် ရယူမည်ဖြစ်ကြောင်း သိရသည်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသည် ကမ္ဘာ့ ဒုတိယစီးပွားရေး အင်အားအကြီးဆုံး နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ ရေရှည်မူဝါဒ ရည်ရွယ်ချက်များကို အဆုံးအဖြတ်ပေးနိုင်သောအဖွဲ့အစည်းဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီကို ကော်မတီအဖွဲ့ဝင် ၂၀၀ ခန့်၊ အရန်ဗဟိုကော်မတီဝင် ၁၇၀ တို့ဖြင့် ဖွဲ့စည်းထားသည်။

အောက်တိုဘာ ၂၀ ရက်တွင် စတင်မည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးတွင် စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ၁၅ ခုနှင့် ငါးနှစ်စီမံကိန်းအတွက် အဆိုပြုချက်များကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးများကို တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင် ဦးဆောင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အေပက်ညီလာခံ၌ တရုတ်သမ္မတနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့် အတည်ပြု



**ဝါရှင်တန် အောက်တိုဘာ ၁၈**

တောင်ကိုရီးယား နိုင်ငံ၌ ကျင်းပမည့် အာရှ- ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အေပက်) ထိပ်သီးညီလာခံ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၁၇ ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

သည်ဖောက်စ် သတင်းဌာနနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်း၌ အေပက်ထိပ်သီးညီလာခံကာလတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယခုနှစ် အေပက်ထိပ်သီး ညီလာခံကို တောင်ကိုရီးယားနိုင်ငံ ယောင်ဂျူးမြို့၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။

တရုတ်ထုတ်ကုန်များအပေါ် ၁၀၀ ရာခိုင်နှုန်းထိ အခွန်တိုးမြှင့်ကောက်ခံ၍ အေပက်ထိပ်သီးညီလာခံ၌ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကိုလည်း ဖျက်သိမ်းမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြီးခဲ့သည့်ရက်များအတွင်း ခြိမ်းခြောက်ထားသည်။

တရုတ်နိုင်ငံက မြေရှားသတ္တုပြည်ပတင်ပို့မှု ကန့်သတ်ရေး စည်းမျဉ်းသစ်များကို ကြေညာခဲ့ပြီးနောက် သမ္မတဒေါ်နယ်ထရမ့်က အဆိုပါအတိုင်း ခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် နောက်ပိုင်း၌ သမ္မတဒေါ်နယ်ထရမ့်သည် လေသံပြောင်းခဲ့ပြီး အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံကို ထိခိုက်နစ်နာစေလိုသည့်ဆန္ဒမရှိကြောင်း လူမှုမီဒီယာပေါ်တွင် ရေးသားဖော်ပြထားသည်။

Ref : RT
Trs : KKO

# အဲချိုင်းနားလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် ရှန်ဟိုင်းလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရ

**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ်အခြေစိုက် အဲချိုင်းနားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ခရီးသည်တစ်ဦး၏ ခရီးဆောင်သေတ္တာအတွင်းထည့်ထားသည့် ဘက်ထရီတစ်ခု မီးလောင်ခဲ့ပြီးနောက် ယနေ့တွင် ရှန်ဟိုင်းလေဆိပ်သို့ လမ်းကြောင်းပြောင်း ပျံသန်း၍ အရေးပေါ် ဆင်းသက်ခဲ့သည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် ဟန်ကျိုးမြို့မှ တောင်ကိုရီးယားနိုင်ငံ အင်ချွန်နိုင်ငံတကာလေဆိပ်သို့ ဦးတည်ပျံသန်းနေစဉ် ရှန်ဟိုင်း နိုင်ငံတကာလေဆိပ်၌ အရေးပေါ် ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

ခရီးသည်တစ်ဦး၏ ခရီးဆောင်သေတ္တာအတွင်း ထည့်သွင်းထားသည့် လစ်သီယမ် ဘက်ထရီတစ်လုံး မီးထလောင်ခဲ့ပြီးနောက် အရေးပေါ် ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း အဲချိုင်းနားလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ခရီးသည်တင်လေယာဉ်သည် ရှန်ဟိုင်းနိုင်ငံတကာလေဆိပ်၌ ဘေးကင်းလုံခြုံစွာ ဆင်းသက်နိုင်ခဲ့ပြီး မည်သူတစ်ဦးတစ်ယောက်မျှ အထိအခိုက်မရှိခဲ့ကြောင်း အဲချိုင်းနား လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

ယင်း ခရီးသည်တင်လေယာဉ်သည် ပင်လယ်ပြင်အထက်ရောက်ရှိနေချိန်တွင် နောက်ကြောင်းပြန်လှည့်၍ ရှန်ဟိုင်းလေဆိပ်၌ ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် လစ်သီယမ်ဘက်ထရီ မီးလောင်မှုအကြောင်းရင်းကို လေကြောင်းလိုင်းတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# နယ်စပ်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် ၄၈ နာရီ သက်တမ်းတိုး

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၈**

ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ၄၈ နာရီ သက်တမ်းထပ်တိုးရန် အောက်တိုဘာ ၁၇ ရက်တွင် သဘောတူခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံ နယ်စပ်ပဋိပက္ခများ ပြီးဆုံးရေးအတွက် ကာတာနိုင်ငံ ဒိုဟာမြို့၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်နေစဉ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ၄၈ နာရီ သက်တမ်းထပ်တိုးရန် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့က သဘောတူထားခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံနယ်စပ်တည်ငြိမ်ရေး ဆွေးနွေးပွဲများကို ဒိုဟာမြို့၌ ယနေ့တွင် ကျင်းပမည်ဖြစ်သည်။

ပြီးခဲ့သည့် ရက်များအတွင်း အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် နယ်စပ်တစ်လျှောက် နှစ်ဖက်တပ်များ အပြန်အလှန်တိုက်ခိုက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် ၄၈ နာရီ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် တိုက်ပွဲများ ရပ်ဆိုင်းခဲ့သည်။

အဆိုပါ နယ်စပ်ပဋိပက္ခများအတွင်း အရပ်သားများနှင့်နှစ်ဖက်တပ်ဖွဲ့ဝင်အများအပြား သေဆုံးခဲ့ရသည်။

အာဖဂန် တာလီဘန်အုပ်စုအနေဖြင့် ပါကစ္စတန်ကို ပုန်ကန်တိုက်ခိုက်နေသော စစ်သွေးကြွများကို လက်ခံနေရာပေးထားကြောင်း ပါကစ္စတန်က စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို အာဖဂန်တာလီဘန်အဖွဲ့က ငြင်းပယ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# တည်ဆောက်ဆဲ တိုက်လေယာဉ်များအတွက် အင်ဂျင်များဝယ်ယူရန် အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၄ ဘီလီယံထိ အိန္ဒိယ သုံးစွဲရနိုင်



**ဒေလီ အောက်တိုဘာ ၁၈**

တည်ဆောက်ဆဲတိုက်လေယာဉ်များအတွက် ဂျက်အင်ဂျင်များ ဝယ်ယူရန် ၂၀၃၅ ခုနှစ်ထိ အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၄ ဘီလီယံထိ သုံးစွဲရနိုင်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် တည်ဆောက်ဆဲ စစ်လေယာဉ်အမျိုးမျိုးအတွက် ဂျက်အင်ဂျင် ၁၁၀၀ ခန့်ထိ လိုအပ်မည်ဖြစ်ကြောင်း အိန္ဒိယ တပ်မတော် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် တီဂျာ့စ် အမျိုးအစား အပေါ့စား တိုက်လေယာဉ်များကို ပြည်တွင်း ဂျက်အင်ဂျင်များ တပ်ဆင်အသုံးပြုရန် စီစဉ်ထားသော်လည်း နည်းပညာပိုင်းဆိုင်ရာ ပြဿနာများကြောင့် ဖြစ်မြောက်မှု မရှိသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် ၎င်း၏ ပထမဆုံးပြည်တွင်းထုတ် ပဥ္စမမျိုးဆက် ဂျက်တိုက်လေယာဉ်များအတွက် ဒုံးအင်ဂျင်များကို ပြည်ပကုမ္ပဏီများနှင့် ပူးတွဲတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ လေယာဉ်ဂျက်အင်ဂျင် ပူးတွဲထုတ်လုပ်ရေးအစီအစဉ်ကို ပြင်သစ်အခြေစိုက် ဆာဖရန်ကုမ္ပဏီ၊ ဗြိတိန်အခြေစိုက် ရိုးလ်စ်ရွိုက်ကုမ္ပဏီနှင့် အမေရိကန်နိုင်ငံအခြေစိုက် ဂျင်နရယ်အီလက်ထရာကုမ္ပဏီတို့က စိတ်ဝင်စားလျက်ရှိသည်။

အဆိုပါ ပဥ္စမမျိုးဆက် တိုက်လေယာဉ်သစ်ကို ၂၀၂၈ ခုနှစ်တွင် စမ်းသပ်ပျံသန်းနိုင်ရန် အိန္ဒိယ တပ်မတော်က ကြေညာထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာ့အရှည်လျားဆုံး ဒိုင်နိုဆောခြေရာလမ်းကြောင်းတစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား



**လန်ဒန် အောက်တိုဘာ ၁၈**

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်ရှိုင်းယားကျောက်တွင်း တစ်တွင်း၌ ကမ္ဘာ့အရှည်လျားဆုံး ဒိုင်နိုဆောခြေရာလမ်းကြောင်းတစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဒိုင်နိုဆောခြေရာလမ်းကြောင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၁၆၆ သန်းက ရှင်သန်ကျက်စားခဲ့သည့် Cetiosaurus ခေါ် ဒိုင်နိုဆောတစ်မျိုး၏ ခြေရာများဖြစ်နိုင်ကြောင်း သိရသည်။

Cetiosaurus ဒိုင်နိုဆောခြေရာလမ်းကြောင်းသည် မီတာ ၂၂၀ ထိ ရှည်လျားသည်ဖြစ်ရာ ကမ္ဘာ့အရှည်လျားဆုံး ဒိုင်နိုဆောခြေရာလမ်းကြောင်းဖြစ်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါဒိုင်နိုဆောခြေရာများ၏ အရွယ်အစားမှာ ကြီးမားသဖြင့် ဒိုင်နိုဆောများမှာ ကိုယ်ခန္ဓာအရွယ်အစား ၁၈ မီတာထိရှိနိုင်သည့် Cetiosaurus ဒိုင်နိုဆောများဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ Cetiosaurus ဒိုင်နိုဆောများသည် ခြေလေးချောင်းဖြင့် သွားလာတတ်သော အသီးအရွက်စား ဒိုင်နိုဆောများဖြစ်ကြောင်း သိရသည်။

အောက်စဖို့ဒ်ရှိုင်းယားနယ်ကျောက်တွင်း၌ Cetiosaurus ဒိုင်နိုဆောခြေရာလမ်းကြောင်းနှင့်အတူ Megalosaurus ခေါ် အသားစားဒိုင်နိုဆောတစ်မျိုး၏ ခြေရာများကိုလည်း သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO


## ရုရှားအာကာသအေဂျင်စီ အာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာအာကာသစခန်း ပြင်ပသို့ထွက်ခွာ၍ တစ်ပိုင်းလျှပ်ကူးပစ္စည်းစမ်းသပ်မှုစနစ်ကို တပ်ဆင်ခဲ့

**မော်စကို အောက်တိုဘာ ၁၈**

ရုရှား အာကာသအေဂျင်စီ အာကာသယာဉ်မှူး နှစ်ဦးသည် အောက်တိုဘာ ၁၆ ရက်က နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍ တစ်ပိုင်းလျှပ်ကူးပစ္စည်း စမ်းသပ်မှုစနစ်ကို တပ်ဆင်ခဲ့ကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ရုရှား အာကာသယာဉ်မှူး ဆာဂေးရိုင်ဇီကော့ဗ်နှင့် ဂလက်ဆီဇူဘရစ်စကီးတို့၏ နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာချိန်မှာ ခြောက်နာရီနှင့် ကိုးမိနစ်ကြာမြင့်ခဲ့ကြောင်း ရုရှားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

နိုင်ငံတကာအာကာသစခန်း ပြင်ပထွက်ခွာစဉ်အတွင်း ရုရှား အာကာသယာဉ်မှူး နှစ်ဦးသည် အာကာသဟင်းလင်းပြင်၌ တပ်ဆင်ထားသော မလိုအပ်တော့သည့် ကင်မရာစနစ်များကိုလည်း ဖယ်ရှားခဲ့ကြောင်း သိရသည်။




ရုရှားအာကာသယာဉ်မှူးများ၏ အောက်တိုဘာ ၁၆ ရက်မစ်ရှင်သည် နိုင်ငံတကာအာကာသစခန်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ၂၇၆ ကြိမ်မြောက်အဖြစ် ပြုလုပ်ခဲ့သည့် အာကာသစခန်း ပြင်ပထွက်ခွာမှုဖြစ်သည်။

အောက်တိုဘာ ၁၆ ရက်မစ်ရှင်တွင် ရုရှားအာကာသယာဉ်မှူးများသည် အာကာသစခန်းယာဉ် မှန်ပြတင်းများကိုလည်း သန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

အောက်တိုဘာ ၁၆ ရက်မစ်ရှင်သည် ရုရှားအာကာသယာဉ်မှူး ဇူဘရစ်စကီးအတွက် ပထမဆုံးအကြိမ် နိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာမှုဖြစ်ပြီး ရိုင်ဇီကော့ဗ်အတွက် ဒုတိယအကြိမ်မြောက် ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်၏ အကြိမ် ၁၃၀ မြောက် ဖယ်လ်ကွန် -၉ မစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို လွှတ်တင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်၏ အကြိမ် ၁၃၀ မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို အောက်တိုဘာ ၁၇ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါစတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၄ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း အောက်တိုဘာ ၁၇ ရက်မစ်ရှင်အပါအဝင် ဖယ်လ်ကွန်-၉ မစ်ရှင်ပေါင်း ၁၃၀ ထိ လွှတ်တင်ထားရာ ၇၀ ရာခိုင်နှုန်းကျော်မှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## ကီဝီသီးစားသုံးပေးပါက ဝမ်းချုပ်မှုပြဿနာကို လျှော့ချရာတွင် အထောက်အကူပြုနိုင်

**လန်ဒန် အောက်တိုဘာ ၁၈**

နေ့စဉ် ကီဝီသီးစားသုံးပေးပါက ဝမ်းချုပ်မှုပြဿနာကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

နေ့စဉ်ကီဝီသီးနှစ်လုံး သို့မဟုတ် သုံးလုံးထိ စားသုံးပေးပါက ဝမ်းချုပ်မှုပြဿနာကို လျှော့ချနိုင်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကီဝီသီးများတွင် ပါဝင်သော အမျှင်ဓာတ်များသည် အစာခြေလမ်းကြောင်းစနစ်အပေါ် အကျိုးပြုပြီး ဝမ်းချုပ်မှုပြဿနာကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ကီဝီသီးစားသုံးခြင်းဖြင့် အစာခြေလမ်းကြောင်းစနစ်အတွင်း ရေဓာတ်မြင့်တက်လာပြီး ဝမ်းကိုပျော့စေနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

တွင်းထွက်ဓာတ်ပါဝင်မှု မြင့်မားသည့် သောက်ရေများကို သောက်သုံးပါကလည်း ဝမ်းချုပ်မှုပြဿနာကို လျှော့ချနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက အကြံပြုထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လက်တွေ့စမ်းသပ်မှု ၇၅ ခုတို့မှရရှိသော အချက်အလက်များကိုအခြေခံ၍ ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ကြွက်သားများသန်မာတောင့်တင်းမှုက အဝလွန်မှုနှင့်ဆက်စပ်နေသည့် ကိုယ်တွင်းအင်္ဂါ ပျက်စီးမှုများကို လျှော့ချပေးနိုင်

**နယူးယောက် အောက်တိုဘာ ၁၈**

ကြွက်သားများသန်မာတောင့်တင်းမှုသည် အဝလွန်မှုနှင့်ဆက်စပ်နေသည့် ကိုယ်တွင်းအင်္ဂါပျက်စီးမှုများကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ကိုယ်တွင်း အဆီစုစည်းမှုလွန်ကဲနေသော်လည်း ကြွက်သားသန်မာတောင့်တင်းသူများ၌ အဝလွန်မှုနှင့်ဆက်စပ်နေသည့် ကိုယ်တွင်းအင်္ဂါများ ပျက်စီးမှုပြဿနာပေါ်နိုင်ခြေ နည်းပါးနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကိုယ်တွင်းအဆီဓာတ်စုစည်းမှုလွန်ကဲသော်လည်း ကြွက်သားအားသန်သူများသည် အဝလွန်မှုနှင့်ဆက်စပ်နေသည့်ရောဂါများကြောင့် သေချိန်မတန်ဘဲ သေဆုံးရနိုင်ခြေ ပိုနည်းပါးကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုယ်တွင်းအဆီဓာတ်စုစည်းမှုလွန်ကဲနေသူ ဦးရေ ၆၃၀၀၀ ကျော်တို့၏ လက်ညှစ်အားနှင့် ကျန်းမာရေးအခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကိုယ်တွင်းအဆီဓာတ်စုစည်းမှု လွန်ကဲနေသော်လည်း လက်ညှစ်အားကောင်းသူများ၌ အဝလွန်မှုနှင့် ဆက်စပ်နေသည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုဖြစ်နိုင်ခြေ ပုံမှန်ထက်နည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Golden Boyဆုအတွက် ဆန်ခါတင်ကစားသမား ၂၅ ဦးစာရင်းတွင် မန်ယူအသင်းမှ ယိုရိုတစ်ဦးတည်းသာပါဝင်လာ



**မန်ချက်စတာ အောက်တိုဘာ ၁၈**

Golden Boy ဆုအတွက် ဆန်ခါတင်ကစားသမား ၂၅ ဦး ထုတ်ပြန်ကြေညာခဲ့ရာ မန်ယူအသင်းမှ ယိုရိုတစ်ဦးတည်းသာ ပါဝင်လာခဲ့သည်။

Golden Boyဆုကို ကမ္ဘာတစ်ဝန်းမှ အသက် ၂၁ နှစ်အောက် ကစားသမားများမှ စိစစ်ရွေးချယ်ပေးအပ်ခြင်းဖြစ်ပြီး ကစားသမားတစ်ဦးအနေဖြင့် တစ်ကြိမ်သာ ပေးအပ်ခြင်း ဖြစ်သည့်အတွက် ပြီးခဲ့သည့်နှစ်က ဆွတ်ခူးနိုင်ခဲ့သည့် လမိုင်းယာမယ်အနေဖြင့် မပါဝင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Golden Boy ဆုအတွက် ဆန်ခါတင် ကစားသမားစာရင်းတွင် ဥရောပထိပ်တန်းလိဂ် ငါးလိဂ်မှ ကစားသမားအများစု ပါဝင်လာခဲ့သည်။

ယိုရိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရသော်လည်း ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီး အသင်းနှင့်အတူအကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းများ ပြသနိုင်ခဲ့ပြီးနောက် Golden Boy ဆုအတွက် ဆန်ခါတင်စာရင်းတွင် ပါဝင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Golden Boy ဆုအတွက် ဆန်ခါတင်စာရင်းတွင် ယိုရိုနှင့်အတူ အက်စ်တယ်ဖောင်း ၊ လီဝုစ်စကယ်လီ၊ မက်တန်တူနို၊ ယီဒစ်ဇ်၊ ဒူအီ၊ အမ်မရီ၊ အာဒါဂူလာနှင့် ဒိန်းဟူလ်ဆန်၊ ကျူဆီဘာ၊ အန်ဝမ်နရီ၊ ဟာတို၊ ကွန်ဒါ၊ အက်စ်တာဗို၊ မက်ယူလူ၊ ဆီဂယ်ဟာ၊ ဖရိုဟိုလက်၊ ဘာရီဗယ်၊ ဂရေးဗ်၊ ဆားလ်၊ ဂျိုဘီဘယ်လင်ဟမ်၊ အက်စ်ပိုစီတို၊ မိုရာ၊ လီယိုနီနှင့် စတန်ကိုဗစ်ချ်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref : Tutto Sport**

**Trs : STA**

# Japan Open တင်းနစ်ပြိုင်ပွဲ ဖိုင်နယ်ပွဲအဆင့်သို့ ဖာနန်ဒက်ဇ် တက်ရောက်

**အိုဆာကာ အောက်တိုဘာ ၁၈**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပနေသည့် Japan Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်တွင် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ်နှင့် ရိုမေးနီးယား တင်းနစ်မယ် ဆိုင်စတီယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဖာနန်ဒက်ဇ်က (၆-၁ ၊ ၂-၆ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဖိုင်နယ်ပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲကစားချိန်မှာ ၁ နာရီ ၃၄ မိနစ် ကြာမြင့်ခဲ့ပြီး ပြိုင်ပွဲဝင်နှစ်ဦးစလုံးက ဆီမီးဖိုင်နယ်အဆင့်ဖြင့် ထိုက်တန်သော စွမ်းဆောင်ရည်များကို ပြသနိုင်ခဲ့ကြသည်။

ဖာနန်ဒက်ဇ်သည် Japan Open တင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့် (၄) အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဆိုင်စတီယာက ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်အား ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ ဖာနန်ဒက်ဇ်က အနိုင်ရခဲ့သည်။

ဖာနန်ဒက်ဇ်က "ပထမပွဲငယ်မှာ အကောင်းဆုံး ကစားနိုင်ခဲ့ပြီးတော့ ပြတ်သားတဲ့ရလဒ်နဲ့အနိုင်ရခဲ့တဲ့အတွက် စိတ်ခတ်ပိုင်းဆိုင်ရာမှာ သိသိသာသာကို မြင့်တက်ခဲ့တယ်။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ ပြိုင်ဘက်ကစားသမားက အကောင်းဆုံး ကစားလာနိုင်ပြီးတော့ ကျွန်မကို တောက်လျှောက် ဖိအားပေးခဲ့တယ်။ ဒုတိယပွဲငယ်မှာတော့ ကျွန်မဘာမှမလုပ်နိုင်ခဲ့ဘူး။အရေးကြီးတဲ့ အဆုံးအဖြတ်ပွဲစဉ်ကို ဆက်ကစားတော့ ဒုတိယပွဲငယ်လို အမှားများလို့ မရတော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် သတိပေးခဲ့ပြီးတော့ အကောင်းဆုံး ကစားနိုင်ဖို့ ကြိုးစားခဲ့တယ်။နောက်ဆုံးအဆင့်ထိ ပြိုင်ပွဲထဲမှာ ဆက်လက်ရှိနေတဲ့အတွက် ဝမ်းသာဂုဏ်ယူနေပါတယ်" ဟု ပြောကြားခဲ့သည်။

ဖာနန်ဒက်ဇ်သည် ဖိုင်နယ်ပွဲအဆင့်တွင် ချက်တင်းနစ်မယ် ဗာလင်တိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : WTA Tennis**

**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- ကွင်းလယ်ကစားသမား အိုဒီဂတ်သည် ပရီးမီးယားလိဂ်ပွဲစဉ်သုံးပွဲဆက် ပထမပိုင်း ပွဲချိန်မတိုင်မီ ဒဏ်ရာပြဿနာကြောင့် လူစားလဲခဲ့ရပြီးနောက် ယခုအခါ ဒဏ်ရာသက်သာလာခြင်းမရှိသည့်အတွက် ရက်သတ္တပတ်များစွာ အနားယူရမည်ဟု အာဆင်နယ်နည်းပြအာတီတာက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဒီဇင်ဘာလတွင် အမေရိကန်နိုင်ငံ အင်တာမီယာမီတွင် ကျင်းပရန် စီစဉ်ထားသည့် ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့၏ အမှတ်ပေးပွဲစဉ်ကို The Spanish Footballer's Association ကလည်း ကန့်ကွက်ထားကြောင်း သိရသည်။

ML

# ၂၀၂၆ အာရှယူ-၁၇အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များပြီးဆုံးခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၂သင်း ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၂၆အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ ပြီးဆုံးခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၂သင်းထွက်ပေါ်ခဲ့ကြောင်း သိရသည်။

၂၀၂၆အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို အုပ်စုရှစ်ခုခွဲခြားကာ ကျင်းပခြင်းဖြစ်ပြီး အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမရရှိသည့်အသင်း ရှစ်သင်းသာ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆အာရှယူ-၁၇အမျိုးသမီးပြိုင်ပွဲတွင် တိုက်ရိုက်ဝင်ခွင့်ရရှိသည့်အသင်းများအဖြစ် အိမ်ရှင်တရုတ်အသင်း၊ တောင်ကိုရီးယားအသင်း၊မြောက်ကိုရီးယားအသင်း၊ ဂျပန်အသင်းတို့က တိုက်ရိုက်ဝင်ခွင့်ရရှိထားပြီး ခြေစစ်ပွဲအောင်မြင်သည့် အသင်းရှစ်သင်းနှင့်အတူ ၁၂သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၂၆အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များအပြီးတွင် အာဆီယံဒေသတွင်းမှ မြန်မာအသင်းအပါအဝင် အသင်းလေးသင်း ခြေစစ်ပွဲ အောင်မြင်ခဲ့ကြသည်။



၂၀၂၆အာရှယူ-၁၇အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲများအပြီးတွင် အုပ်စုပထမရရှိသည့် အသင်းများအဖြစ် အုပ်စု (A)မှ ဖိလစ်ပိုင်အသင်း၊ အုပ်စု (B)မှ လက်ဘနွန်အသင်း၊ အုပ်စု(C)မှ မြန်မာအသင်း၊ အုပ်စု (D)မှ ဗီယက်နမ်အသင်း၊ အုပ်စု (E) မှ ဩစတြေးလျအသင်း၊ အုပ်စု (F)မှ ထိုင်းအသင်း၊ အုပ်စု (G)မှ အိန္ဒိယအသင်း၊ အုပ်စု (H)မှ တရုတ်(တိုင်ပေ) အသင်းတို့က ခြေစစ်ပွဲအောင်မြင်ခဲ့ကြသည်။

၂၀၂၆အာရှယူ-၁၇အမျိုးသမီးပြိုင်ပွဲကို လာမည့် ၂၀၂၆ ခုနှစ် ဧပြီ ၃၀ ရက်မှ မေ ၁၇ ရက်ထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# တိုက်စစ်မှူး ဝစ်ဆာ ဒဏ်ရာကြောင့် ကိုးလခန့်အနားယူရမည်

**လန်ဒန် အောက်တိုဘာ ၁၈**

နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း ကွန်ဂိုအသင်းနှင့် ပါဝင်ကစားခဲ့သည့် တိုက်စစ်မှူးဝစ်ဆာသည် ဒူးဒဏ်ရာကြောင့် ကိုးလခန့် အနားယူရမည် ဖြစ်ကြောင်း နယူးကာဆယ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။



အသက် ၂၉ နှစ်ရှိ တိုက်စစ်မှူးဝစ်ဆာသည် နွေရာသီအပြောင်းအရွှေ့ကာလက ဘရန့်ဖို့ဒ်အသင်းမှနယူးကာဆယ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းတွင်ပွဲထွက်ခွင့်ရရှိရန် ကြန့်ကြာနေရပြီး နိုင်ငံတကာပြိုင်ပွဲ ကာလအတွင်း ကွန်ဂိုအသင်းတွင် ရွေးချယ်ခံရသဖြင့် တောင်ဆူဒန်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ ဆီနီဂေါအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူခြေစွမ်းပြသနိုင်ခဲ့သော်လည်း ဆီနီဂေါအသင်းနှင့် ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် ပွဲကစားချိန် ၇၄ မိနစ်တွင် လူစားလဲထွက်ခွာခဲ့ရသည်။

အစောပိုင်းက ဝစ်ဆာသည် အသင်းနှင့် တစ်ကြိမ်သာပူးပေါင်း၍ လေ့ကျင့်ခန်းဆင်းခဲ့ရသဖြင့် နည်းပြဟိုဝီက နိုင်ငံတကာပြိုင်ပွဲကာလအပြီး အသင်းလူစာရင်းတွင် ပါဝင်နိုင်မည်ဖြစ်ကြောင်း ပြောကြားထားသော်လည်း လက်ရှိတွင် ဒဏ်ရာပြဿနာကြောင့် နယူးကာဆယ်အသင်းနှင့် ပူးပေါင်းနိုင်အုံးမည် မဟုတ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# FIFA - MA REFEREEING COURSE 2025

## သင်တန်းဆင်းပွဲအခမ်းအနားကို MFF အစည်းအဝေးခန်းမ၌ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၈**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)၊ ဒိုင်ကော်မတီ၊ ဒိုင်ဌာနတို့ ပူးပေါင်းဖွင့်လှစ်သော FIFA – MA REFEREEING COURSE 2025 သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက MFF အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲကို MFFဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သိန်းသိန်းအေး၊ ကော်မတီဝင် ဦးထွန်းလှအောင်၊ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၊ FIFAသင်တန်းဆရာများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် Mr. Ganesan (FIFA Fitness Instructor) တို့က အမှာစကား အသီးသီးပြောကြားခဲ့ကြပြီး သင်တန်းသားတစ်ဦးမှ သင်တန်းသားများ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့ကြသည်။

FIFA – MA REFEREEING COURSE 2025 သင်တန်းကို အောက်တိုဘာ ၁၄ရက်မှယနေ့ထိ ဖွင့်လှစ်ခဲ့တာဖြစ်ပြီး FIFA သင်တန်းဆရာများက လာရောက်ပို့ချပေးခဲ့ကြကြောင်း သိရသည်။

**STA**

# ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပထမအကြိမ်လက်မှတ်ရောင်းချမှုတွင် လက်မှတ်အစောင်ရေတစ်သန်းကျော်ရောင်းချခဲ့ရကြောင်း ဖီဖာပြောကြား

**ဇူးရစ် အောက်တိုဘာ ၁၈**

လာမည့် ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပထမအကြိမ် လက်မှတ်များရောင်းချခဲ့ရာ လက်မှတ်အစောင်ရေ တစ်သန်းကျော် ရောင်းချခဲ့ရကြောင်းကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါလက်မှတ်ရောင်းချမှုတွင် နိုင်ငံပေါင်း ၂၁၂ နိုင်ငံမှ ဘောလုံးပရိသတ်များပါဝင်ခဲ့ပြီး ထိပ်သီးအသင်းကြီး ၁၀ သင်း ဖြစ်သည့် အင်္ဂလန်၊ ဂျာမနီ၊ ဘရာဇီး၊ စပိန်၊ ကိုလံဘီယာ၊ အာဂျင်တီးနား၊ ပြင်သစ်နှင့် အိမ်ရှင်နိုင်ငံအသင်းသုံးသင်းဖြစ်သည့်အမေရိကန်၊ကနေဒါ၊မက္ကဆီကိုတို့ကအများဆုံးဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက" ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဟာ သမိုင်းဝင်မဲ့ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ နိုင်ငံအသီးသီးက ပရိသတ်တွေနဲ့ မြောက်အမေရိကတိုက်မှာရှိတဲ့ ဘောလုံးပရိသတ်တွေကလဲ ပူးပေါင်းပါဝင်ပေးတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်" ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ပထမအကြိမ် ရောင်းချခဲ့သည့် အချိန်တွင် ကမ္ဘာတစ်ဝန်းမှ လက်မှတ်ဝယ်ယူရန်လျှောက်ထားမှုမှာ ၄ ဒသမ ၅ သန်းထိ ရှိခဲ့ပြီး လာမည့် အောက်တိုဘာ ၂၇ရက်တွင် ပြိုင်ပွဲအားလုံးအတွက် ထပ်မံရောင်းချပေးသွားမည်ဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်၊ မက္ကဆီကို၊ ကနေဒါနိုင်ငံတို့တွင် ပြိုင်ပွဲဝင်အသင်း ၄၈ သင်းဖြင့် ပထမဆုံးအကြိမ် သုံးနိုင်ငံ ပူးတွဲကျင်းပသည့်ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**

# British နှင့် Commonwealth

## မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကို လစ်ဒက် ဆွတ်ခူး

**လန်ဒန် အောက်တိုဘာ ၁၈**

British နှင့် Commonwealth မစ်ဒယ်ဝိတ်တန်းချန်ပီယံလုပွဲစဉ်အဖြစ် အင်္ဂလန်လက်ဝှေ့သမားများဖြစ်ကြသည့် လစ်ဒက်နှင့် ကွန်ဝေးတို့ ယနေ့အစောပိုင်းတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ယှဉ်ပြိုင်ခဲ့ရာလစ်ဒက်က ဒိုင်ပွဲရပ် ရလဒ်ဖြင့် အနိုင်ရခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ် အရွယ်သာ ရှိသေးသည့် လစ်ဒက်သည် ၁၀ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီးနောက် British နှင့် Common wealth မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့သည့် အသက်အငယ်ဆုံး လက်ဝှေ့သမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

လစ်ဒက်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၁၃ ပွဲ ထိုးသတ်ထားပြီး ရှုံးပွဲမရှိစံချိန်ဖြင့် British နှင့် Commonwealth မစ်ဒယ်ဝိတ်တန်းချန်ပီယံ ခါးပတ်ကို ဆွတ်ခူးလာ နိုင်ခြင်းလည်းဖြစ်သည်။

လစ်ဒက်က " ဒီနိုင်ပွဲဟာ ကျွန်တော့်ရဲ့ ကစားသမားဘဝကို အပြောင်းအလဲဖြစ်စေတဲ့ ပွဲစဉ်လဲဖြစ်ပါတယ်။ Britishနဲ့ Common–wealth မစ်ဒယ်ဝိတ်တန်းချန်ပီယံ ခါးပတ်တွေကို ဆွတ်ခူးနိုင်ဖို့ဆိုတာက ကျွန်တော့်အတွက် စောနေသေးတယ်လို့လဲ တွေးနေကြလိမ့်မယ်။ ဒါပေမဲ့လဲ ထင်မှတ်မထားတာတွေ ဖြစ်လာသလို အများမထင်တဲ့ အောင်မြင်မှုတွေကို ကျွန်တော်ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : DAZN**

**Trs : AZL**



# DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲ

## တတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဖလက်ဝုဒ် ဦးဆောင်

**ဇူးရစ် အောက်တိုဘာ ၁၈**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပနေသည့် DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဖလက်ဝုဒ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားအား ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။




အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ရှိန်းလော်ရီနှင့် ဂျပန်ဂေါက်သီးရိုက်ကစားသမား နာကာဂျီမာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲဦးဆောင်နေပြီး ဩစတြေးလျဂေါက်သီးရိုက်ကစားသမားဟီလီယာ၊အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်နှင့် ဆွီဒင်ဂေါက်သီးရိုက်ကစားသမား ဂန်တော့ပ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဖလက်ဝုဒ်က "တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်က အံ့ဩစရာကောင်းလောက်အောင်ကောင်းမွန်ခဲ့ပါတယ်။ ဒီလိုရလဒ်ကောင်းရခဲ့တာဟာ ကစားရတာ စိတ်လွတ်လပ်ပေါ့ပါးပြီး ကစားရတာလဲ အဆင်ပြေနေလို့ပါ။ Ry–der Cup မှာတုန်းက ရှိန်းလော်ရီနဲ့ တွဲဖက် ကစားခဲ့ရတာဟာ ကျွန်တော့်ကိုအများကြီး တိုးတက်လာစေတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိရှိ ကစားနိုင်ခဲ့ပြီး နည်းစနစ်ပိုင်းတချို့ကို ဖလှယ်နိုင်ခဲ့တယ်။ အခုဒီပြိုင်ပွဲမှာလဲ ရှိန်းလော်ရီနဲ့ အတူ တွဲဖက်ကစားနေတယ်လို့ စိတ်ထဲမှာတွေးပြီးတော့ ရလဒ်ကောင်းတွေရအောင် အာရုံစိုက်ကစားသွားမယ်" ဟု ပြောကြားခဲ့သည်။

နိုင်ခြေအဆင့် (၁) အဖြစ် သတ်မှတ်ခံထားရသူ ကမ္ဘာ့အဆင့် (၂) ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက်ကိုးချက်လျော့ရိုက်ထားနိုင်ကြောင်းလည်း သိရသည်။

**Ref : Golf Magic**

**Trs : AZL**

# UFC 323ပြိုင်ပွဲတွင် ချင်းဖိုက်တာ ဂျိုရှူအာဗန် ဘရာဇီးဖိုက်တာ ပန်တိုဂျာနှင့် ထိုးသတ်ရမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

UFC 323 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ချင်းဖိုက်တာ ဂျိုရှူအာဗန်အနေဖြင့် ဘရာဇီးဖိုက်တာ ပန်တိုဂျာနှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

ဂျိုရှူအာဗန်သည် Furyပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ခဲ့ပြီးနောက် UFCနှင့် စာချုပ်ချုပ်ဆိုကာ လက်တွဲခဲ့ပြီး UFC ပြိုင်ပွဲတွင် ထိုးသတ်ခဲ့သည့် ပထမဆုံး မြန်မာကိုယ်စားပြု ဖိုက်တာအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျိုရှူအာဗန်သည် UFC နှင့် စာချုပ်ချုပ်ဆိုကာ UFC ပြိုင်ပွဲများတွင် ထိုးသတ်ခဲ့ရာတွင်လည်း နိုင်ပွဲများ ဆက်တိုက်ရယူနိုင်ခဲ့ပြီး ကိုးပွဲထိုးသတ်ခဲ့ရာ ရှစ်ပွဲ အနိုင်ရရှိခဲ့ပြီး တစ်ပွဲသာ ရှုံးနိမ့်ခဲ့ကာ နောက်ဆုံး ငါးပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျိုရှူအာဗန်သည် နောက်ဆုံးထိုးသတ်ခဲ့သည့် ပွဲစဉ်အဖြစ် ဇွန် ၂၉ရက်ကကျင်းပခဲ့သည့် UFC 317ပြိုင်ပွဲတွင် အမေရိကန်ဖိုက်တာ ဘရန်ဒန်ကို အနိုင်ရရှိခဲ့ပြီးနောက် UFC ဖလိုင်းဝိတ်တန်းချန်ပီယံကို စိန်ခေါ်ခွင့်ရရှိထားသူဖြစ်သည်။

ဂျိုရှူအာဗန်သည် UFC 323 ပြိုင်ပွဲတွင် UFC လက်ရှိဖလိုင်းဝိတ်တန်းချန်ပီယံ ဖြစ်သည့် ပန်တိုဂျာနှင့် ထိုးသတ်ရမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်တွင် အမေရိကန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ကာ အနိုင်ရရှိပါက ဖလိုင်းဝိတ်တန်း ချန်ပီယံအဖြစ် ရပ်တည်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**STA**

# သရဖူ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ရှေးဦးပုဂံခေတ်တွင် စာပေများအပေါ်အခြေပြု၍ ဝတ်ဆင်မှုကိုမှန်းဆကြသည်။ ပန်းချီ ပန်းပုများ ထွန်းကားလာချိန်ဝယ် ဝတ်ဆင်မှုနှင့်ပတ်သက်၍ ခိုင်မာသောသက်သေပစ္စည်းတို့ဖြင့် တင်ပြနိုင်လာကြသည်။ ကျောက်စာဟောင်းများ၌လည်း အဝတ်အထည်အမျိုးအမည်များကိုတွေ့ရှိနိုင်ပြီး တရုတ်ရာဇဝင်များ၏ မှတ်တမ်း၌လည်း ပုဂံခေတ်ဝတ်စားဆင်ယင်မှုကို ဖော်ပြကြသည်။

သက္ကရာဇ် ၁၁၀၆ ခုနှစ်တွင် ကျန်စစ်သားမင်းသည် တရုတ်ပြည်သို့ သံတမန်များစေလွှတ်လေသည်။ ပုဂံမင်းနှင့်တကွ မှူးမတ်တို့သည် ကြံ့၏ဦးချိုနှင့် သဏ္ဌာန်တူသော ရွှေဦးထုပ်များကိုဆောင်းသည်ဟု မှတ်တမ်းတွင်ဖော်ပြလေသည်။ ခရစ်နှစ် ၁၁၇၈ မှတ်တမ်း၌ အရာရှိများနှင့်တကွ ပုဂံပြည်သူပြည်သားတို့သည် နဖူးပေါ်တွင်သျှောင်တစ်လုံးထုံးကာ အရောင်အသွေးဝါသောပိုးစနှင့် ရစ်ပတ်ထားတတ်သည်။ တိုင်းပြည်အကြီးအမှူးဖြစ်သူကား ပို၍မြင့်သော ရွှေဦးထုပ်ဖြင့် ခြားနားသိသာပေသည်ဟုဖော်ပြလေသည်။ ပုဂံခေတ်ယောက်ျားများ၏ ဆံထုံးပုံမှုကွဲများပင်ဖြစ်သည်။ အမြင့်တန်းကျသူ သို့မဟုတ် မင်းဧကရာဇ်ပုံများ၌ မကိုဋ်သရဖူများကို ဆင်မြန်းကြသည်ကို ပုဂံအာနန္ဒာလိုဏ်အတွင်းရှိ ကျန်စစ်သားမင်းပုံတူကျောက်ရုပ်၌တွေ့ရှိရပြီး နဖူးသင်းကျစ်နှင့်တကွသော သရဖူကိုဆင်မြန်းထားလေသည်။ ပုထိုးသမြားဘုရားပန်းချီကား၌တွေ့ရသောသုဒ္ဓေါဒနမင်း၏ပုံ၌လည်း သရဖူကိုဆင်မြန်းထားပုံတွေ့ရသည်။ ထို့ကြောင့် သရဖူသည် ပုဂံခေတ်ကတည်းက မြန်မာဘုရင်တို့ ဆင်မြန်းကြကြောင်း သိသာသည်။

နောက်ပိုင်းတွင် မြန်မာမင်းများ၏အဆင်တန်ဆာသရဖူသည် မကိုဋ်တော်ကဲ့သို့ ဦးခေါင်းတော်နှင့်ဆိုင်သည့်အဆင်တန်ဆာဟု တချို့ကဆိုကြ၍ တချို့ကမူလည်ရွဲရင်လွှမ်းတန်ဆာမျိုးဖြစ်သည်ဟု အယူအဆကွဲပြားလာကြသည်။ ရာဇဝေါဒမေတ္တာစာ၊ သမန္တစက္ခုဒီပနီကျမ်း စသည်တို့ကိုပြုစုတော်မူခဲ့သော မုံရွေးဇေတဝန်ဆရာတော်က ပါရမီတော်ခန်းပျို့အဖြေကျမ်းတွင် သရဖူကို ယခုအခါပညာရှိတို့သည် ဦးခေါင်းတန်ဆာအဝင်သွင်း၍ မကိုဋ်ဖောင်း၊ ဦးပေါင်းဦးရစ်ကဲ့သို့ ပျို့၊ ကဗျာ၊ လင်္ကာရတုစပ်ဆိုကြ၏။ စာဟောင်းစာတမ်းမတွေ့ဘူးချေ။ ဦးခေါင်းတန်ဆာမှာလည်း ဖောင်း၊ မကိုဋ်၊ သင်းကျစ်ဟူ၍ သုံးပါးသာတွေ့ဖူးသည်။ သရဖူနှင့်တကွလေးပါးဟူ၍ စာဟောင်းစာတမ်းမတွေ့ဘူးချေ။ ရှေးဆရာတို့၌လည်း ဦးခေါင်းတန်ဆာ၌ တိုက်ရိုက်ထိစပ်သည်ကိုမတွေ့၊ လည်ရွဲရင်လွှမ်းတန်ဆာတို့၌သာ ရောယှက်၍စပ်သည်ကို တွေ့ဖူးသည်။ ဘုံခန်းတွင်ဗီရဏီနတ်သမီး၏အခြွေအရံတို့ဝတ်ဆင်ဟန်ကိုပြရာ၌ "ရောင်မောင်းပြက်ပြက်၊ ဘယက်သရဖူ၊ ရွှေခြူသင်တိုင်း၊ ဘယ်နှင့်ခိုင်း၍၊ နှိုင်းရှာပလိမ့်" ဟူ၍လည်းကောင်း၊ ဝေဠုရိယနတ်သာဝတ်ဆင်ဟန်တွင် "မြနားငွှေင်းလည်း၊ မြက်ကောင်းပြည့်ထူး၊ သရဖူတန်ဆာ၊ လည်မှာစလွယ်၊ ဆယ့်ကိုးသွယ်သား၊ ရှုဖွယ်ရောင်ချက်၊ ဖြိုးအမျက်ထက်" ဟူ၍လည်းကောင်း၊ ရွှေဗိမာန်ရှင်နတ်သား၏အခြွေအရံ နတ်သမီးမောင်းမတို့ ဆင်ဟန်တို့ကိုဆိုရာ၌ "တင့်တယ်မွေ့လျော်၊ ခြွေရံတော်ကို၊ မြော်လတုံလည်း၊ တပုံတည်းလျှင်၊ စုလည်းယကင်၊ စီအင်ပြောက်ကွက်၊ ဘယက်သရဖူ၊ ရွှေခြူသင်တိုင်း၊ ဆိုင်းရရှိုင်းလျှင်" ဟူ၍လည်းကောင်း ရင်လွှမ်းတန်ဆာ၊ လည်ရွဲတန်ဆာစသည်တို့နှင့် အနီးအပါး ပြု၍စပ်ဆိုကြသည်။

ဆုတောင်းခန်းတွင် "ဆန်းကြယ်မွမ်းသား၊ ရင်လွှမ်းရွှေခြူ၊ သရဖူမကိုဋ်၊ ဦးစိုက်ပန်းခက်၊ ကွက်ရရွှက်တည်း၊ လက်လက်ငြိသား" ဟူ၍လည်းကောင်း၊ မဃ္ဃစိုးခန်းတွင် "သုံးမြှောင့်မျက်ရံ၊ ကြာဝတ်ဆံနှင့်၊ အလျှံပြောင်ပြောင်၊ ထိပ်ခေါင်လူလူ၊ သရဖူတပ်တပ်၊ နပန်ယပ်လည်း" ဟူ၍လည်းကောင်း ရင်လွှမ်းတန်ဆာ၏အနီး၌ဖော်ပြကြသည်။ ထိုသို့ မုံရွေးဆရာတော် ကိုးကားပြဆိုခဲ့သည်များကိုထောက်၍ သက္ကရာဇ် ၈၀၀ ကျော် အင်းဝခေတ်အတွင်းကပေါ်သောစာဟောင်းစာတမ်းများအရ သရဖူကိုလည်ရွဲရင်လွှမ်းတန်ဆာနှင့်တွဲ၍ တစ်မျိုး၊ ဦးခေါင်းတန်ဆာဖြစ်သောမကိုဋ်နှင့်တွဲ၍တစ်ဖုံ နှစ်မျိုးနှစ်ဖုံတွေ့ရှိရသောကြောင့် မည်သည့်အဆင်တန်ဆာမျိုးဖြစ်သည်ကိုယူဆရန် ခက်ခဲခဲ့ကြလေသည်။

**❖ ရှေးခေတ်သုံးဦးရစ်နှင့် ယခုခေတ်အသုံးပြုလျက်ရှိကြသော သရဖူများသည် တစ်ခုနှင့်တစ်ခုပုံသဏ္ဌာန်ချင်းများစွာမကွာခြားပေ။ အကြောင်းရင်းမှာ ယခုခေတ်သရဖူများကို ရှေးခေတ်သုံးဦးရစ်၏ ပုံသဏ္ဌာန်ကိုယူ၍ ပြုလုပ်ထားသောကြောင့်ဖြစ်သည်။ ထို့နောက် သရဖူကို အာဏာပိုင်များသာဆောင်းရသော အစဉ်အလာသတ်မှတ်သောအခါ သရဖူများတွင် ဘုရင်များ၊ မိဖုရားများဆောင်းသော သရဖူ၊ မြို့စားရွာစားများဆောင်းသော သရဖူ စသည်ဖြင့် သရဖူပုံသဏ္ဌာန်အမျိုးမျိုးရှိလာသည်။ သရဖူအားလုံးတွင် ဘုရင်ဆောင်းသောသရဖူမှာ အဆင့်အတန်းအမြင့်ဆုံးဖြစ်သည်။ ❖**

ရွှေဘုံနိဒါန်း၌မူ ဖောင်းတော်ဆောင်အကြောင်းပြဆိုရာတွင် ဖောင်းတော်၊ သရဖူတော်၊ မကိုဋ်တော်၊ ပတ္တမြားဖောင်းတော်၊ နဝရတ်ဖောင်းတော်၊ ရွှေသားဖောင်းတော်များကို ခေါက်တုံ့ပြင်ဆင်ထားရာဖြစ်၍၊ ဖောင်းတော်ဆောင်ခေါ်ဝေါ်သမုတ်ကြောင်းဖြင့်ဆိုသည်။ ဖောင်းတော်၊ မကိုဋ်တော်စသောဦးခေါင်းတော်တန်ဆာများတွင် သရဖူတော်ကိုထည့်၍ပြထားသည်ကိုထောက်သော် ထိုခေတ်၌ သရဖူတော်သည် မကိုဋ်တော်၊ ဖောင်းတော်တို့ကဲ့သို့ ဦးခေါင်းတန်ဆာဖြစ်ကြောင်း သိလာရသည်။ မန္တလေးမြို့ တောင်ငူကိုးခရိုင်ဝန်မင်း မင်းကြီးမဟာမင်းထင်ရာဇာက ရန်ကုန်မြို့ပညာရေးဌာနမှစာရေးကြီးဦးဘစံ၏ အမေးကိုဖြေကြားရာ၌ မကိုဋ်တော်၊ သရဖူတော်၊ ဥက္ကဋ္ဌတော်၊ စည်းပုံတော်၊ ဥသျှောင်တော်များအကြောင်းကိုဖြေကြားရင်း သရဖူတော်သည် ဘုရင်မင်းဧကရာဇ်မှတစ်ပါး အခြားသူတို့မဆင်ရသော ဦးခေါင်းတန်ဆာမျိုးဖြစ်ကြောင်း ပုံနှင့်တကွဖော်ပြဖြေဆိုခဲ့သည်။ သရဖူပုံသည်မကိုဋ်တော်ကဲ့သို့ပင်ခေါင်းဆောင်းတန်ဆာဖြစ်၍ အသေးစိတ်ခြယ်လှယ်ပုံ၌သာခြားနားကြောင်းတွေ့ရသည်။

ထို့ကြောင့် သရဖူသည်ရှေးကလည်ရွဲရင်လွှမ်းတန်ဆာကိုပင်ခေါ်ဟန်ရှိပြီး သက္ကရာဇ် ၈၀၀ ကျော်ခန့်တွင် ရင်လွှမ်းတန်ဆာမှ ဦးခေါင်းတန်ဆာအရာသို့ကူးပြောင်းသည်။ ထိုသို့ကူးပြောင်းမှုကြောင့် လူတို့သည် လည်ရွဲနှင့်ဦးခေါင်းမကွဲမပြားရောထွေးယှက်တင်ရှိခဲ့ကြခြင်းဖြစ်သည်။ အင်းဝခေတ်နောက်ပိုင်း သို့မဟုတ် ကုန်းဘောင်ခေတ်တွင် လည်ရွဲတန်ဆာလုံးဝပျောက်၍ ဦးခေါင်းတန်ဆာအဖြစ် ကွဲကွဲပြားပြားဖြစ်လာသည်ဟု ပြောရမည်ဖြစ်သည်။

သက္ကရာဇ် ၁၁၉၂ ခုနှစ်တွင် ဝက်မစွတ်နဝဒေး ရေးအင်းဝမြို့ မဟာအောင်မြေဘုံသာကျောင်းကျောက်စာ၌ "ပလ္လင်တော်နီး၊ ပြောင်ကြီးပေါက်သား၊ တောဖျားခြသေ့၊ စာရှာတွေ့သော်၊ ခြသေ့မရှိုက်၊ ပင်မတိုက်တိ၊ အကြိုက်တော်မှတ်၊ လောကနတ်ကား၊ လက်ဝါးဖြန့်ချပ်၊ စည်းဆုပ်ကားခြေ၊ ဖောင်းရွှေသရဖူ၊ မြခြူမြိတ်နား၊ စုလျားဘယက်၊ ညီးညီးလက်မျှ၊ ပျံကွန်ကလျှင်၊ နှစ်ပါးရန်စ၊ ငြိမ်းစေရသတည်း" ဟု ပါရှိရာ လောကနတ်ဆောင်းသော ခေါင်းဆောင်းရတနာသည် သရဖူဟု အတိအလင်းသိရသည်။ လောကနတ်ရုပ်လုံးရုပ်တုများ၌ ဆောင်းထားသောသရဖူပုံသည်မကိုဋ်နှင့်ကွဲ၍ ဖောင်းနှင့်ပို၍ တူလေသည်။ မကိုဋ်သည် ပြာသာဒ်ပုံအဆင့်ဆင့်တက်၍ ထိပ်သို့ချွန်သွားသော်လည်း သရဖူကားထိပ်ဝယ်အချွန်ပါခြင်းမျှသာဖြစ်သည်။ ဖောင်းကိုဝန်များဆောင်းရသော်လည်း သရဖူကို ဝန်များဆောင်းခွင့်မရှိချေ။ ဘုရင်များသာဆောင်းခွင့်ရှိသည်။

အနောက်နိုင်ငံများရှိ လူအများကမူ သရဖူဟုဆိုရာတွင် ရှင်ဘုရင်များနှင့်မိဖုရားများ၊ မင်းခမ်းမင်းနားများ၌ ဦးခေါင်းတွင်ဆောင်းလေ့ရှိသော ဦးခေါင်းတန်ဆာကိုခေါ်သည်ဟု နားလည်ကြသည်။ ထိုအဓိပ္ပာယ်ဖြင့်ပင် သရဖူဟူသော စကားကိုသုံးစွဲသည်။ သို့ရာတွင် မူလက သရဖူသည် နန်းထိုင်သော ဘုရင်နှင့်မည်သို့မျှသက်ဆိုင်ခြင်းမရှိခဲ့ချေ။ ရှေးခေတ်ပြေးပွဲပြိုင်ပွဲများတွင် အောင်ပန်းဆွတ်ခူးသူများကို ပန်းများဖြင့်ပြုလုပ်ထားသော သရဖူများကိုချီးမြှင့်ရိုးရှိခဲ့ဖူးလေသည်။ ထို့နောက်တွင်ကား သရဖူကို ပန်းကုံးပန်းပွင့်တို့ဖြင့် မဟုတ်ဘဲ ထာဝစဉ်ခိုင်ခံ့သော ရွှေငွေကျောက်မျက်ရတနာတို့ဖြင့် ပြုလုပ်လာခဲ့ကြသည်။ ရှေးခေတ်ရောမလူမျိုးများသည် သူရသတ္တိကိုပြသသည့်မြင့်မြတ်သောအပြုအမူများအတွက် ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် ရွှေသရဖူ၊ ငွေသရဖူများချီးမြှင့်လေ့ရှိကြသည်။ ဥပမာအားဖြင့် မြို့တစ်မြို့ကိုသိမ်းပိုက်အောင်မြင်သော စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်ကို ထိုမြို့အနီးမှခူးနုတ်၍ရသော မြက်ပင်များ၊ ပန်းပွင့်များဖြင့်ပြုလုပ်ထားသည့် သရဖူကိုချီးမြှင့်လေ့ရှိသည်။ ထိုနည်းတူစွာ တိုက်ပွဲတွင် မိမိ၏ဘက်တော်သားရဲဘော်တစ်ယောက်၏အသက်ကို ကယ်ခဲ့သောစစ်သည်တော်တစ်ဦးအား ဝက်သစ်ချရွက်များဖြင့် ပြုလုပ်သောသရဖူကို ချီးမြှင့်လေသည်။ အခြားသရဖူအမျိုးမျိုးလည်း ရှိသေး၍ မင်္ဂလာဆောင်များ၊ ပျော်ပွဲသဘင်များ၊ စားပွဲသောက်ပွဲများတွင် သက်ဆိုင်ရာသရဖူများကို အသုံးပြုကြသည်။

အချို့သောရောမနိုင်ငံဘုရင်များသည် ပြေးပွဲခုန်ပွဲများကို ရှုစားရန်ကြွရောက်တော်မူသည့်အခါတွင် ဦးရစ်များကို ဆင်မြန်းတော်မူတတ်ကြသည်။ ဦးရစ်ဟူသည်ကား ဦးခေါင်းထက်တွင် ရစ်ပတ်၍ထားသောအဝတ်ပင်ဖြစ်သည်။ ပဝါသာမဟုတ်၊ မျက်နှာသုတ်ပဝါကိုပင် ဦးခေါင်း၌ ရစ်ပတ်ထားသည်ဖြစ်လျှင် ၎င်းကိုဦးရစ်ဟုခေါ်သည်။ နောင်တွင် ဦးရစ်ကို အဆင်သင့်စွပ်၍ရအောင် ပြုလုပ်လာခဲ့ကြသည်။ ဘုရင်မင်းမြတ်တည်းဟူသောရာထူးနှင့် ဦးရစ်ဆင်မြန်းထားခြင်းသည် မည်သို့မျှသက်ဆိုင်ခြင်းမရှိခဲ့ပေ။ သို့ဖြစ်၍ ရောမဘုရင်များသည် နောင်အခါတွင် ဦးရစ်များကို မင်းတို့၏အဆောင်အယောင်တစ်ခုအဖြစ် စတင်အသုံးပြုကြသောအခါ တိုင်းသူပြည်သားများက များစွာမနှစ်မြို့ကြချေ။ လူများသည် ဦးရစ်နှင့်သရဖူကို ရုတ်တရက်မခွဲခြားနိုင်ကြသော်လည်း စင်စစ်ထိုနှစ်ခုမှာများစွာခြားနားလေသည်။ ထို့ကြောင့် သရဖူဟူ၍ရှင်ဘုရင်တို့သာဆောင်းသော အလေ့အထမှာအရှေ့တိုင်းမှအတုယူခဲ့ကြောင်း ထင်ရှားသည်။

ရှေးခေတ်သုံးဦးရစ်နှင့် ယခုခေတ်အသုံးပြုလျက်ရှိကြသော သရဖူများသည် တစ်ခုနှင့် တစ်ခုပုံသဏ္ဌာန်ချင်းများစွာမကွာခြားပေ။ အကြောင်းရင်းမှာ ယခုခေတ်သရဖူများကိုရှေးခေတ်သုံးဦးရစ်၏ ပုံသဏ္ဌာန်ကိုယူ၍ ပြုလုပ်ထားသောကြောင့်ဖြစ်သည်။ ထို့နောက် သရဖူကိုအာဏာပိုင်များသာဆောင်းရသော အစဉ်အလာသတ်မှတ်သောအခါ သရဖူများတွင် ဘုရင်များ၊ မိဖုရားများဆောင်းသော သရဖူ၊ မြို့စားရွာစားများဆောင်းသောသရဖူ စသည်ဖြင့် သရဖူပုံသဏ္ဌာန်အမျိုးမျိုးရှိလာသည်။ သရဖူအားလုံးတွင် ဘုရင်ဆောင်းသောသရဖူမှာ အဆင့်အတန်းအမြင့်ဆုံးဖြစ်သည်။ မင်းညီမင်းသား၊ မြို့စားရွာစားများကား ဘုရင်ဆောင်းသောသရဖူအောက် အဆင့်အတန်းနိမ့်သော သရဖူငယ်များကိုသာ ဆောင်းရလေသည်။

ယခုခေတ်တွင် အနောက်နိုင်ငံများ၌ အသုံးပြုနေကြသောမြို့စားများဆောင်းသော သရဖူငယ်မှာ ရွှေနဖူးစည်းပေါ်တွင်ရွှေဖြင့်ပြီးသော စတော်ဘယ်ရီရွက်ရှစ်ရွက်ကို တပ်ဆင်ထားလေသည်။ မားကွစ်ဘွဲ့ရသူများဆောင်းသော သရဖူငယ်သည် နဖူးစည်းပေါ်တွင် ထိုစတော်ဘယ်ရီရွက်မျိုးလေးရွက်သာပါ၍ တစ်ရွက်နှင့် တစ်ရွက်ကြားတွင် ပုလဲလုံးများကို တပ်ဆင်ထားသည်။ မားကွစ်အောက် တစ်ဆင့်နိမ့်သောဘွဲ့များဆောင်းသောသရဖူများမှာ ရွှေနဖူးစည်းပေါ်တွင် ရောင်ခြည်တန်းရှစ်သွယ်ထိုးထွက်နေ၍ ရောင်ခြည်တန်းတစ်ခုနှင့်တစ်ခုကြားတွင် ရွှေဖြင့်ပြီးသော စတော်ဘယ်ရီရွက်တစ်ရွက်စီတပ်ဆင်ထားသည်။ စတော်ဘယ်ရီရွက်၏ အမြင့်မှာ ရောင်ခြည်တန်း၏အမြင့်လေးပုံ တစ်ပုံရှိသည်။ ဗိုင်းကောင်းဘွဲ့ရသူများဆောင်းသော သရဖူငယ်တွင်ကား ရွှေနဖူးစည်းတွင် ပုလဲ ၁၆ လုံး တပ်ဆင်ထားသည်။ ဗယ်ရွန်ဘွဲ့ရသူများ၏သရဖူ၌မူ ပုလဲခြောက်လုံးတပ်ဆင်ထားသည်။ လက်ရှိကာလတွင် အလှမယ်ပြိုင်ပွဲများ၌ အောင်မြင်သူကို သရဖူဆန်သော အဆင်တန်ဆာဖြင့် အောင်မြင်သူ၏ ဦးခေါင်းတွင်စွပ်ပေးကာ ဂုဏ်ပြုကြသည်ကို တွေ့ရသည်။ ကာလ ရွေ့လျောကာ နေရာအသုံးများလာသော်ငြား သရဖူ၏ ရှိသင့်ရှိရမည့်နေရာကို လူသားများအားလုံးက သတ်မှတ်ထားပြီးဖြစ်ကြောင်းကား အမှန်ပင်ဖြစ်ပါတော့သည်။

**ကိုးကား**

**-မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၃)**

## Mahar Application က သစ္စာဖြင့်သာစီရင်စေ ဇာတ်လမ်းတွဲကို အောက်တိုဘာလ စတုတ္ထပတ်တွင် ထုတ်လွှင့်ပြသမည်




**ရန်ကုန် အောက်တိုဘာ ၁၈**

Mahar Application က သစ္စာဖြင့်သာစီရင်စေ ဇာတ်လမ်းတွဲကို အောက်တိုဘာလ စတုတ္ထပတ်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ မင်းဦးက ပြောပြသည်။

အဆိုပါ သစ္စာဖြင့်သာစီရင်စေ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို သျှင်မက ရေးသားထားခြင်းဖြစ်ပြီး ကကြိုးသျှင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ မင်းဦးက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဇာတ်အိမ်ကြီးကြီး Family Drama အမျိုးအစားဖြစ်ပြီး မယ်လိုဒီနဲ့ ခြူးလေးကို ဗီလိန်ဇာတ်ရုပ်၊ ရွှေသမီးကို ပရိသတ်ကြိုက်မဲ့ဇာတ်ရုပ်အနေနဲ့ မြင်တွေ့ရမှာဖြစ်ပါတယ်။ ဇာတ်ကောင်တွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ပါဝင်တဲ့ ဇာတ်ကားဖြစ်သလို သရုပ်ဆောင်တွေကလဲ တကယ်လုပ်နိုင်စွမ်းအပြည့်ရှိတဲ့ သရုပ်ဆောင်တွေဖြစ်တာကြောင့် ကြည့်လို့ကောင်းမဲ့ ဇာတ်လမ်းတွဲဖြစ်မှာပါ" ဟု ဒါရိုက်တာ မင်းဦးက ပြောပြသည်။

သစ္စာဖြင့်သာစီရင်စေ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ညီနန္ဒ၊ ကျော်ကျော်၊ နေထွန်း၊ ကျော်ဇင်ထွန်း၊ Kai၊ Gu Gu၊ ပိုင်အိမ်ခ၊ မယ်လိုဒီ၊ လင်းဇာနည်ဇော်၊ ဆုပန်ထွာ၊ ဖူးစုံ၊ ရွှေသမီး၊ ခြူးလေး၊ မိုးပွင့်ဖြူ၊ ယွန်းဝင့်လွှာအောင်၊ နှင်းဝတ်ရည်ကျော်၊ တာတာ၊ ကလေးသရုပ်ဆောင် ဖွဲ့ဝေယံထက်၊ ရှင်ပြုံးခင်၊ နန်းကုရွေ့စံဦး၊ မိကြယ်စင်ကျော်ကျော်၊ ဟိန်းသီရိစံနှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## The Uprising ဇာတ်ကား၌ မင်းသား ဂျေမီဘဲ၊ ဂျွန်နီလီမေလာနှင့် မင်းသမီး တိုမာဆင်မက္ကင်ဇီ ပါဝင်

**နယူးယောက် အောက်တိုဘာ ၁၈**

Focus Features ရုပ်ရှင်ကုမ္ပဏီ၏ The Uprising အမည်ရှိ သမိုင်းနောက်ခံ ဒရာမာဇာတ်ကား၌ မင်းသား ဂျေမီဘဲ၊ ဂျွန်နီလီမေလာနှင့် မင်းသမီး တိုမာဆင်မက္ကင်ဇီတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

The Uprising ဇာတ်ကားတွင် အထက်ပါသရုပ်ဆောင် သုံးဦးတို့သည် မင်းသား အင်ဒရူးဂါဖီးနှင့်အတူ သရုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

The Uprising ဇာတ်ကားသည် ဘုရင်ရစ်ချက်-၂ လက်ထက် အင်္ဂလန်ပြည်၌ ဖြစ်ပွားခဲ့သော တော်လှန်ရေးတစ်ခုအကြောင်း ဇာတ်အိမ်ဖွဲ့ရိုက်ကူးသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Uprising ဇာတ်ကားကို ဒါရိုက်တာ ပေါလ်ရင်းဂရက်က တာဝန်ယူရိုက်ကူးနေကြောင်း၊ The Uprising ရိုက်ကူးထုတ်လုပ်မှုကို အင်္ဂလန်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Uprising ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Focus Features ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## Showlike Application က ပေါ့ရှိုင်ဇာတ်လမ်းတွဲကို အောက်တိုဘာ ၂၆ ရက်မှစတင်ကာ ထုတ်လွှင့်ပြသမည်ဖြစ်




**ရန်ကုန် အောက်တိုဘာ ၁၈**

Showlike Application က ပေါ့ရှိုင် အမည်ရှိ ဇာတ်လမ်းတွဲကို အောက်တိုဘာ ၂၆ ရက်မှစတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပေါ့ရှိုင်ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ဆုထက်ကုဋေထံမှ သိရသည်။

အဆိုပါ ပေါ့ရှိုင်ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ဇော်လင်းထက်က ရေးသားထားပြီး ဒါရိုက်တာ ဇော်လင်းထက်ကပင် တာဝန်ယူပုံဖော်ရိုက်ကူးထားသော သည်းထိတ်ရင်ဖို ဇာတ်လမ်းအမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပေါ့ရှိုင်ဆိုတာက ပေါ့ဆိုတာ ထိုင်းလို အဖေလို့ခေါ်တာပါ။ ရှိုင်ဆိုတာက အကြီးစားတွေကို ဆိုလိုတာပါ။ ပေါ့ရှိုင်ဆိုတာက အဖနတ်လို နတ်ကိုမှ အကြီးစား ပေါ့နေဘ်။ အဖေကြီး နတ်လိုမျိုးလေး နာမည်ကသက်ရောက်ပါတယ်။ ဆုထက်ကတော့ ဒီဇာတ်ကားမှာ ခပ်မာမာထန်ထန်အမျိုးသမီး တစ်ယောက်နေရာက ပါဝင်ရမှာပါ။ သရဲကားပုံစံကိုမှ ဇာတ်လမ်း၊ ဇာတ်အိမ်လေးလဲ ဆန်းပါတယ်။ ရိုက်ကူးနေကျ ဇာတ်လမ်း၊ ဇာတ်အိမ်မဟုတ်တဲ့အတွက် ကိုယ်တိုင်လဲ သဘောကျလို့ လက်ခံရိုက်ကူးဖြစ်တာပါ" ဟုသရုပ်ဆောင် ဆုထက်ကုဋေက ပြောပြသည်။

အဆိုပါ ပေါ့ရှိုင်အမည်ရှိ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရဲလွင်ဦး၊ နေရှိုင်း၊ ယမုံမြင့်မြတ်၊ ဆုထက်ကုဋေ၊ နှင်းအိဝင့်ဝါ၊ ဇင်သူအောင်၊ ကျော့ကေသရ၊ အိမ့်ဖူးကြယ်စင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## Anxious People ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဆော်လီမက်လီယော့ သရုပ်ဆောင်ထား

**နယူးယောက် အောက်တိုဘာ ၁၈**

Anxious People အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဆော်လီမက်လီယော့ ပါဝင်သရုပ်ဆောင်ထားကြောင်း အောက်တိုဘာ ၁၇ ရက် သတင်းများအရ သိရသည်။

Anxious People ဇာတ်ကား၌ မင်းသား ဆော်လီမက်လီယော့သည် မင်းသမီး အင်ဂျလီနာဂျိုလီ၊ မင်းသား ဂျေဆန်ဆီးဂဲတို့နှင့်အတူ သရုပ်ဆောင်လျက်ရှိသည်။

အဆိုပါဇာတ်ကားသည် စာရေးဆရာ ဖရက်ဒရစ်ဘက်မင်း၏ Anxious People ဝတ္ထုကို အခြေခံ ရိုက်ကူးသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် လူနေအိမ်တစ်လုံးနှင့် မမြင်ဖူးမတွေ့ဖူးသည့်လူတစ်စုကြား ရောက်ခဲ့ရသော ရင်းနှီးမြှုပ်နှံမှုဘဏ်လုပ်ငန်းရှင် အမျိုးသမီးတစ်ဦး၏ အဖြစ်အပျက်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မက်ဖော်တာက တာဝန်ယူရိုက်ကူးနေပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ဗာဂျီးက ရေးသားပေးထားသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## တေးသံရှင် ဆုန်သင်းပါရ်၏ Live Show တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် Judson Entertainment Bar တွင် ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁၈**

တေးသံရှင် ဆုန်သင်းပါရ်၏ Return to your heart အမည်ရှိ Live Show တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် Judson Entertainment Bar ၌ အောက်တိုဘာ ၂၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဆုန်သင်းပါရ်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဆုန်သင်းပါရ်၏ Return to your heart အမည်ရှိ Live Show တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်၏ သီဆိုဖျော်ဖြေမှုများကို Mercury IX Music Band က အကောင်းဆုံး ပံ့ပိုးတီးခတ် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာ ၂၅ ရက်ည Judson Entertainment Bar မှာ ရှိနေမှာပါ။ တေးချစ်သူတွေကို ချယ်ရီတွေ၊ တောင်ဇလပ်တွေ ပွင့်တဲ့ တောင်ပေါ်မြို့ကလေးတွေဆီကို တေးသီချင်းလေးတွေနဲ့ ခေါ်ဆောင်ပေးမဲ့ ညလေးကို အမှတ်ရစေချင်ပါတယ်။ လှမ်းခဲ့ဖို့ မမေ့ပါနဲ့"ဟု တေးသံရှင် ဆုန်သင်းပါရ်က ပြောပြသည်။

တေးသံရှင် ဆုန်သင်းပါရ်၏ Return to your heart အမည်ရှိ Live Show တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် အောက်တိုဘာ ၂၅ ရက်ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# SSPC Chairman of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing meets officers, other ranks, families of Cocogyun Station


Senior General Min Aung Hlaing meets officers, other ranks, and families of Cocogyun Station.

**Nay Pyi Taw October 18**

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing met officers, other ranks and families of Cocogyun Station and gave instructions to them this morning.

Also present at the meeting were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, senior military officers from the Office of the Commander-in-Chief and their wives, the commander of Yangon Command, officers, other ranks and families of Cocogyun Station.

First and foremost, the Senior General said that to improve transportation and connectivity to Cocogyun, the runway of the airport has been extended, and a jetty has been constructed where large ships can dock, significantly enhancing the area compared to before. Since Cocogyun occupies a strategically important location for the country, it is necessary for not only the officers and other ranks serving in the Cocogyun station but also their family members to always live with security awareness and vigilance.

The Tatmadaw is an organization responsible for the defence of the nation. All personnel serving at various levels are required to have a defensive mindset. As members of the Tatmadaw, they must continuously engage in preparatory training to be ready for combat, maintain physical health and strength, uphold courage and resilience, acquire necessary skills, and ensure they are always combat-ready.

To maintain physical strength and resilience, a Tatmadaw member must perform daily physical training exercises consistently. To develop courage and combat skill, they must continually practice traditional Myanmar martial arts, boxing, and other self-defense disciplines. Having courage and combat skill means carrying out duties properly and resolutely for the benefit of the public. Therefore, one must regularly train oneself to maintain this courage.


Senior General Min Aung Hlaing inspects the cattle farm of Cocogyun Station.


Senior General Min Aung Hlaing greets officers, other ranks, and families of Cocogyun Station.

Regarding proficiency, Tatmadaw members must continuously practice handling and using weapons skillfully, ensuring they are always ready for action.

Similarly, if daily office duties related to general staff, adjutant, and quartermaster measures are carried out consistently and systematically, the units will become disciplined. If routine daily tasks are performed without omission, the units will develop competence. In executing tasks, it is necessary to work through check, recheck, and countercheck procedures. Those in charge of administration must supervise systematically, and those assisting must follow rules and procedures diligently. It is also the responsibility of those entrusted with ensuring that officers and other ranks do not lose their entitled rights and privileges to carry out their duties properly and systematically.

We should avoid, as much as possible, consuming alcohol and indulging in entertainment that could harm health and social life. By practicing frugality, everybody should manage their income and expenses fairly and responsibly. Engaging in individual farming and cultivation activities can greatly contribute to the well-being of officers, other ranks, and their families. Therefore, it is necessary toencourage everyone to carry out individual farming and cultivation work.

Regarding morale, it is necessary to organize sports competitions, strength contests, sand-track races, film screenings, and seasonal festivals in order to boost the spirit of officers, other ranks, and their families.

Regarding politics, the Tatmadaw, since 2021, assumed responsibility for the affairs of the nation. Elections will also be held in the near future. When casting votes, it is necessary to choose individuals who genuinely consider the interests of both their region and the country, who uphold and follow their threefold duties responsibly, and who have clear political, economic, and defense perspectives. Elections are essential for building a democratic nation, and officers, soldiers, and their families are encouraged to work together to ensure the elections are conducted successfully.

In order to ensure an abundance of educated human resources in our country, the State is carrying out educational reforms; that due to the political situation in our country, the Tatmadaw has to participate in the role of leading national politics; that he wants everyone to spend their free time reading and studying; that reading helps improve our lives; and that after reading and studying literature, we should work to master knowledge and skills, and work to ensure our children become educated.

Subsequently, the Senior General presented food supplies for officers and other ranks and their families from the station, and the wife of the Senior General presented funds for the station Maternal and Child Welfare Association, which were accepted by the Commander of the Naval Base and his wife.

Afterwards, the Secretary of the Commission Joint Executive Chief General Ye Win Oo presented food supplies for officers, *See Page 14*

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets local elders from Cocogyun town, and discusses regional development



Senior General Min Aung Hlaing holds a meeting with departmental officials and local elders from Cocogyun town.

**Nay Pyi Taw October 18**

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing held a meeting with departmental officials and local elders from Cocogyun town, Yangon Region, this afternoon, and discussed regional development.

Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, arrived at the Cocogyun airport and were warmly welcomed bydepartmental officials, local elders, students and local people.

The Senior General then met departmental officials and local elders from Cocogyun town at the town hall and discussed regional development.

Also present were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, senior military officers from the Office of the Commander-in-Chief, the Yangon Region chief minister, the Yangon Command commander, and local people.

The Cocogyun Township administrator presented a report on points of the township, preparations for the election, ongoing awareness campaign on the use of Myanmar Electronic Voting Machine (MEVM), current farming activities and businesses on manageable-scale, drinking water distribution from Coco Dam, installation of water purificators and distribution of safe water, electricity distribution from solar-power plants, sports, education and health sector promotion activities, cocoa plantation, ongoing regional development undertakings, and the local elders and departmental officials, on requirements for the health sector, cottage industries and private sector.

Regarding the presentations, a supplementary discussion was made on the cocoa plantation that is for regional benefit, and further development of cocoa plantation task that calls for greater involvement and efforts of the locals to increase income.

Union ministers explained programs that will fulfil the requirements of Cocogyun area through the establishment of cooperative businesses which are, sewing courses and cottage industries, assistance for development of agricultural activities, programs to look into the requirements of the health sector requirements, installation of communication networks, and programs to fulfil the requirements of education sector.

In his discussions, the Senior General said it is his 20th visit to Cocogyun town. He launched the Cocogyun town development program over ten years ago, and it can be seen that the town is gaining unprecedented progress. Whatever efforts the government is exerting, locals should employ collective endeavours for the progress of their land.

Cocogyun town has no croplands, and is facing challenges in transport and food. Difficulties in transportation should not be followed by food problems. Hence, departmental officials, local elders and townspeople must overcome those obstacles through harmonious efforts. Advanced calculations are needed to protect cultivated areas from the impacts of town extension plans. Officials are responsible for constant rice sufficiency and food safety in the area. Hence, food sufficiency programs must be realized. The Ministry of Agriculture, Livestock and Irrigation will send officials to set up the farmlands and highland cropping areas.

In connection with food consumption, plans should be made to ensure food sufficiency for 25 percent of the population of Cocogyun town in the first phase, 40 percent in the second phase and then 100 percent in the final phase. Collective and careful efforts must be made for ensuring food security in the region in view of its benefit.

In connection with food supplies, it is necessary to carry out manageable level chicken, pig and goat breeding in addition to agriculture. Livestock that are appropriate for the island must be bred. Responsible officials are required to compile statistics of residents in Cocogyun and measures must be taken to fulfill the needs for their livelihood. Responsible officials are required to take systematic steps for regional development of the island and construction of towns and villages.




Senior General Min Aung Hlaing presents stationery for high school of Cocogyun town.

In the island area, coconut products can be produced from coconut trees that naturally grow in the area. Therefore, we have taken measures to produce coconut products. It is necessary to grow better coconut species. It is necessary for residents, who are primary stakeholders, to make efforts for development of agriculture and livestock breeding tasks.

Steps must be taken to manufacture value-added products, which require knowledge and skills, in the area. Therefore, efforts must be made to enhance formal education levels. If those who have acquired formal education are trained for production in home industries, manufacturing industries of the town will make progress.

For development of Cocogyun town, departmental officials, local residents and Tatmadaw personnel, who are performing duties on the island must make concerted efforts. Plans are underway to accelerate development of tourism on the island and thus preparations must be made.

*See Page 14*



Senior General Min Aung Hlaing inspects the survival and growth of the cocoa plants.

*From Page 12*

other ranks, and their families from the station, which were accepted by a responsible official.

Following the meeting, the Senior General cordially greeted the officers and other ranks.

Next, the Senior General inspected the local cattle breeding efforts at the station cattle farm and provided necessary instructions regarding the reports submitted by the responsible officials.

Subsequently, the Senior General and party toured the island road by motor vehicle, inspected the progress of the connection between Byaing Island and Jerry Island, and based on the reports from responsible officials, instructed them to systematically plant high-quality coconut trees in the vacant land on Cocogyun, to conduct research on utilizing seawater for agricultural purposes to enable farming activities, and provided other necessary instructions.

Afterwards, the Senior General and party arrived at the Cocogyun Farm of the Local Naval Command Headquarters, inspected the survival and successful growth of the cocoa plants, and based on the reports from responsible officials, instructed them to proceed with efforts to further expand the cultivation of cocoa plants, to subsequently proceed with experimental cultivation of lowland coffee, and provided other necessary instructions. 100

*From Page 13*

Local residents are required to make concerted efforts for regional development. It is necessary for responsible officials to take steps to enhance the education and health sectors.

In educating students, teachers are required to teach their students to be actually competent in their respective grades. The government has taken measures to enhance education standards in the entire country. As student-teacher ratios are favourable on Cocogyun, teaching is effective and education standards can be enhanced. Only when there are many educated people, can contributions be made to regional development.

As the government has offered assistance for the development of Cocogyun as much as possible, local residents are required to make concerted efforts for the development of their region.

Then, the Senior General presented foodstuffs for local residents and departmental staff and stationery for the high school of the town to the township administrator and the headmistress.

After the meeting, the Senior General cordially greeted attendees to the ceremony. 100

# YeU Township completes harvest of rainfed sesame

**YeU October 18**

Sesame planted in this year's rain crops planting season in YeU Township, Sagaing Region, has been harvested, according to the statistics of the Department of Agriculture for YeU District.

YeU Township has been able to plant 3,002 acres of sesame during this year's rain crops planting season, and the fields where sesame was planted have been harvested since August this year. So far, all the acres of sesame have been harvested, with an output of more than 10 baskets per acre.

"All of the acres of sesame planted have been harvested. We have also taken measures to expand the sesame planting area, improve yields, and cultivate with GAP techniques," said U Zaw Myint Htun, head of the Department of Agriculture for YeU District.

This year, the Township Agriculture Department has provided education to sesame farmers in YeU Township on how to expand sesame cultivation, cultivation methods, GAP methods, and how to grow good and high-yielding varieties. 206

# 8 killed, 28 injured as pickup vehicle falls into gorge in India's Maharashtra

**New Delhi October 18**

At least eight people were killed and 28 others injured, 15 of them critically, on Saturday after a pickup vehicle carrying them skidded off the road and fell into a gorge in the western Indian state of Maharashtra, the state broadcaster All India Radio said.

The accident took place near Chandsaili Ghat of Nandurbar district in Maharashtra.

After the accident, police and disaster response forces rushed to the spot to carry out rescue work. The injured were moved to the nearby hospitals.

According to police, the victims were identified as Hindu devotees returning home from a pilgrimage at a local shrine.

Preliminary investigations revealed the accident took place when the driver reportedly lost control of the vehicle while negotiating a sharp curve.

Police have registered a case and ordered an investigation into the accident.

Xinhua

# Pakistani airstrikes kill three Afghan athletes – Kabul

**Kabul October 18**

Overnight Pakistani airstrikes have killed five people, including three cricket players in the border province of Paktika, the Afghanistan Cricket Board said on Saturday.

The Asian neighbors had agreed to a temporary ceasefire on Wednesday and were invited by the Qatari authorities to negotiate a permanent truce and address mutual concerns in Doha.

"In this heartbreaking incident, three players (Kabeer, Sibghatullah and Haroon) alongside 5 other fellow countrymen from Urgun District were martyred, and seven others were injured," the Afghanistan Cricket Board said on X. "The players had earlier traveled to Sharana, the capital of Paktika province, to participate in a friendly cricket match. After returning home to Urgun, they were targeted during a gathering."

The board added that it is withdrawing from an upcoming tournament involving Pakistan scheduled for late November.

RT

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက အပေါ့စားလေယာဉ်များကို ဒရုန်းလိုက်လေယာဉ်များအဖြစ် လေကြောင်းတပ်ဖွဲ့သစ်ဖွဲ့စည်း




ရုရှားနိုင်ငံပိုင် မီဒီယာများက ပြုပြင်မွမ်းမံထားသော အပေါ့စားလေယာဉ်များကို အသုံးပြု၍ ယူကရိန်းဒရုန်းများကို ကြားဖြတ်ဟန့်တားရန် ဒရုန်းလိုက်လေယာဉ်များအဖြစ် တာဝန်ပေးအပ်ထားသည့် လေကြောင်းတပ်ဖွဲ့သစ်တစ်ခု ဖွဲ့စည်းလိုက်ကြောင်း ထုတ်ဖော်ရေးသားခဲ့သည်ဟု Defence Blog သတင်းဌာနက အောက်တိုဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Cessna 172 အမျိုးအစား အပေါ့စားလေယာဉ်ငယ်များသည် စက်သေနတ်များနှင့် ပစ်မှတ်ရှာဖွေရေးစနစ်များ တပ်ဆင်ထားသည့်ပုံရိပ်များကို ထုတ်လွှင့်ပြသခဲ့သည်။ ၎င်းသည် ရုရှားနယ်မြေအတွင်းသို့ ဝင်ရောက်လာသော ယူကရိန်း၏ တာဝေးပျံဒရုန်းတိုက်ခိုက်မှုများကို တုံ့ပြန်ရန်အတွက် လိုက်လျောညီထွေရှိစွာ ပြောင်းလဲလုပ်ဆောင်လာမှုတစ်ရပ်လည်းဖြစ်သည်။

ဤလေယာဉ်များသည် ရုရှားပိုင်နက်နက်ရှိုင်းသည့်နေရာများထိ ပျံသန်းဝင်ရောက်လာနေသော ယူကရိန်းဒရုန်းများကို ပစ်မှတ်ထားတိုက်ခိုက်ရန်အတွက် မိုဘိုင်းလေကြောင်းကင်းလှည့်စနစ်အဖြစ် အသုံးပြုရန် ရည်ရွယ်ထားကြောင်း သိရသည်။

ရုပ်သံမီဒီယိုဖိုင်များတွင် ရုရှားအခေါ် PKT စက်သေနတ်များကို လေယာဉ်ကိုယ်ထည်အောက်တွင် တပ်ဆင်ထားသော Cessna 172 လေယာဉ်နှစ်စင်းကို ပြသခဲ့သည်။ PKT စက်သေနတ်သည် ဆိုဗီယက်ခေတ်ထုတ် လက်နက်ဖြစ်ပြီး ပုံမှန်အားဖြင့် သံချပ်ကာယာဉ်များတွင် တပ်ဆင်လေ့ရှိသည်။ ထုတ်လွှင့်မှုအရ လေယာဉ်တစ်စင်းစီတွင် ပစ်ခတ်မှုထိန်းချုပ်ရေး စက်ပစ္စည်းကိုင်တွယ်သူတစ်ဦး ပါဝင်ပြီး ၎င်းသည် လေယာဉ်မှုခန်းရှိ Display မှ ပစ်မှတ်များကို ခြေရာခံကာ ပစ်မှတ်ကို ထိန်းချုပ်လိုက်သည်နှင့် ပစ်ခတ်မှုစတင်သည်ဟု သိရသည်။

၂၀၂၃ ခုနှစ်တွင် ယူကရိန်းစစ်ဘက်သည် Yak-52၊ Zlin Z-137 Agro Turbo နှင့် အမျိုးမျိုးသောအလွန်ပေါ့ပါးသော လေယာဉ်ငယ်များကဲ့သို့ အရပ်ဘက်သုံးလေယာဉ်များကို ထောက်လှမ်းရေးနှင့် အကန့်အသတ်ရှိသော လေကြောင်းရန်ကာကွယ်ရေး မစ်ရှင်များအတွက် ပြုပြင်ပြောင်းလဲ အသုံးပြုခဲ့ကြဖူးသည်။ ၎င်းတို့သည် အီရန်နိုင်ငံ ဒီဇိုင်းထုတ် Shahed တိုက်ခိုက်ရေးဒရုန်းများကို တန်ပြန်တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ယခုအစီရင်ခံစာသည် ရုရှား၏ Cessna အပေါ့စားလေယာဉ်ပြုပြင်မှုများကို ယူကရိန်း၏ တာဝေးပစ်ဒရုန်းအသုံးပြုမှုကျယ်ပြန့်လာခြင်းအပေါ် လိုအပ်သောတုံ့ပြန်မှုအဖြစ် ထုတ်ဖော်ပြောကြားထားခြင်းဖြစ်သည်။ ယူကရိန်းဒရုန်းများသည် ရုရှားနယ်မြေတစ်လျှောက်ရှိ ရေနံချက်စက်ရုံများ၊ လေယာဉ်ကွင်းများနှင့် ကာကွယ်ရေးစက်ရုံများကိုပါ ဝင်ရောက်တိုက်ခိုက်လာနေသည်ကို တွေ့မြင်ခဲ့ကြရသည်။

ရုရှားနိုင်ငံ၏ အရပ်ဘက်သုံး Cessna 172 လေယာဉ်များကို စစ်လက်နက်ပစ္စည်း PKT စက်သေနတ်များတပ်ဆင်ကာ ယူကရိန်းဒရုန်းများကို တန်ပြန်တိုက်ခိုက်ရန် လေကြောင်းတပ်ဖွဲ့သစ် ဖွဲ့စည်းလိုက်ခြင်းသည် လက်ရှိစစ်ပွဲ၏ နည်းဗျူဟာပိုင်းဆိုင်ရာ လိုက်လျောညီထွေပြောင်းလဲမှုကို လုပ်ဆောင်လျက်ရှိသည်။ ဤလုပ်ဆောင်ချက်သည် ယူကရိန်း၏ တာဝေးပစ်ဒရုန်းများခြိမ်းခြောက်မှုကို အလျင်အမြန်တုံ့ပြန်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထူးခြားသည်မှာ ရုရှား၏ ဤနည်းဗျူဟာသည် ယူကရိန်းစစ်ဘက်က Yak-52 ကဲ့သို့သော လေယာဉ်များကို Shahed ဒရုန်းများ တန်ပြန်တိုက်ခိုက်ရန် အသုံးပြုခဲ့သည့် အစောပိုင်းနည်းလမ်းကို ပုံတူကူးချခြင်းဖြစ်ပြီး ၎င်းသည် စစ်မြေပြင်တွင် နည်းပညာနှင့်နည်းဗျူဟာများ တစ်ဖက်နှင့်တစ်ဖက် အတုယူလျက်ရှိကြောင်း မီးမောင်းထိုးပြနေသည်။ ဤ Cessna လေယာဉ်များက မြေပြင်ကာကွယ်ရေးစနစ်များနှင့် ညှိနှိုင်းဆောင်ရွက်ကာ ပစ်မှတ်ခြေရာခံစနစ်ကို အသုံးပြုခြင်းသည် ဒေသတွင်းကာကွယ်ရေးစွမ်းရည်ကို တိုးမြှင့်ရန် ရည်ရွယ်သော်လည်း ၎င်းသည် ယူကရိန်း၏ ရေနံချက်စက်ရုံများ၊ လေယာဉ်ကွင်းများနှင့် အခြားမဟာဗျူဟာမြောက်ပစ်မှတ်များကို ဝင်ရောက်တိုက်ခိုက်မှုများကျယ်ပြန့်လာခြင်းအပေါ် ရုရှား၏ ထိရောက်သော ရေရှည်ဖြေရှင်းချက် မရှိသေးကြောင်းကိုလည်း ဖော်ပြနေကြောင်း သိရသည်။

**Russia turns Cessnas into drone hunters** ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။

## အမေရိကန်နှင့် တောင်ကိုရီးယားတို့က GE STOL ဒရုန်းကို ပူးတွဲတည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုး

အမေရိကန်နိုင်ငံ General Atomics Aeronautical Systems Inc.(GA-ASI) နှင့် တောင်ကိုရီးယားနိုင်ငံမှ Hanwha Aerospace တို့သည် Gray Eagle Short Takeoff and Landing (GE STOL)ဟု အမည်ပေးထားသည့်ဒရုန်းကို ပူးတွဲဒီဇိုင်းရေးဆွဲရန်နှင့် တည်ဆောက်ရန်သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည်ဟု The Defense Post သတင်းဌာနက အောက်တိုဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သဘောတူညီချက်အရ Hanwha Aerospace ကုမ္ပဏီသည် အင်ဂျင်များ၊ အဆင်းဂီယာများနှင့် လေကြောင်းဆက်သွယ်ရေးကိရိယာများကဲ့သို့သော အဓိကအစိတ်အပိုင်းများကို ပံ့ပိုးပေးမည်ဖြစ်သည်။ အဆိုပါဒရုန်းစနစ်သည် ပြီးပြည့်စုံသော လေယာဉ်ပြေးလမ်းမလိုအပ်ဘဲ ကန့်သတ်ဧရိယာများတွင် ပျံသန်းနိုင်ရန်အထောက်အကူပြုမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ GA-ASI ကုမ္ပဏီသည် စနစ်တစ်ခုလုံးကိုပေါင်းစပ်ထိန်းချုပ်ခြင်းနှင့် အခြား Gray Eagle ဒရုန်းမော်ဒယ်များကို အမေရိကန်နိုင်ငံ၌ ဆက်လက်ထုတ်လုပ်ခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ နှစ်နိုင်ငံကုမ္ပဏီများက ဤစီမံကိန်းသည် ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ရန်နှင့် ထုတ်လုပ်မှုဆိုင်ရာစွန့်စားရမှုများကို လျှော့ချရန် အထောက်အကူပြုရန် ရည်ရွယ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"GE STOL ဒရုန်းကို တောင်ကိုရီးယားနဲ့ အမေရိကန်မှာ ပူးတွဲထုတ်လုပ်ခြင်းက အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မှာဖြစ်ပြီး Hanwha အတွက်လဲ ဆက်စပ်နယ်ပယ်တွေမှာ အရည်အချင်းရှိတဲ့ ပြည်တွင်းကုမ္ပဏီတွေကို ဆွဲဆောင်နိုင်မှာပါ။ ဒါ့ပြင် ကျွန်တော်တို့ရဲ့ ပြည်တွင်း UAS လုပ်ငန်းဂေဟစနစ်ကို မြှင့်တင်ပေးနိုင်ပါလိမ့်မယ်"ဟု Hanwha Aerospace ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌဖြစ်သူ Jae-il Son က ပြောကြားခဲ့သည်။

လာမည့် ၂၀၂၇ ခုနှစ်တွင် ဒရုန်းထုတ်လုပ်မှုစတင်ရန် အသင့်ဖြစ်မည်ဟုမျှော်မှန်းထားပြီး စတင်လွှဲပြောင်းပို့ဆောင်ခြင်းကို ၂၀၂၈ ခုနှစ်တွင် လုပ်ဆောင်နိုင်ရန် ရည်မှန်းထားသည်။



GE STOL ဒရုန်းကို သမားရိုးကျဒရုန်းများ၏ ကန့်သတ်ချက်များထက် ကျော်လွန်၍ ကင်းထောက်ခြင်း၊ ပစ်မှတ်ခြေရာခံခြင်း၊ မောင်းသူမဲ့လေယာဉ်များနှင့် ပူးပေါင်းညှိနှိုင်းခြင်းအပါအဝင် ရည်မှန်းချက်တာဝန်အမျိုးမျိုး လုပ်ဆောင်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်း၏ အလျားမှာ ၂၉ ပေ ရှိပြီး တောင်ပံအကျယ်မှာ ၅၂ ပေရှိကာ UH-60 Black Hawk ရဟတ်ယာဉ်တစ်စင်းတည်းဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။ ဆီပမာဏ ပေါင် ၃၀၀၀ ဆံ့ပြီး အသုံးပြုနိုင်သော ဝန်ပမာဏ ပေါင် ၃၄၀၀ ရှိကာ Hellfire ဒုံးကျည် ၁၆ စင်းထိ တပ်ဆင်ပစ်လွှတ်နိုင်မည်လည်းဖြစ်သည်။ ကီလိုမီတာ ၄၆၃၀ အကွာအဝေးထိ ထိန်းချုပ်နိုင်ရန် ဂြိုဟ်တုဆက်သွယ်ရေးအခြေခံ ထိန်းချုပ်မှုစနစ် တပ်ဆင်အသုံးပြုပေးထားသည်။ ရာသီဥတု၊ ပတ်ဝန်းကျင်ဒဏ်ခံနိုင်ရည်ရှိသောအစိတ်အပိုင်းများဖြင့် တည်ဆောက်ထားပြီး စံသတ်မှတ်ထားသည့် Gray Eagle 25M ဒရုန်းမော်ဒယ်နှင့် တူညီသော hardware နှင့် software များ ပါဝင် ဖွဲ့စည်းသွားမည်လည်းဖြစ်သည်။ Rolls-Royce M250 အင်ဂျင်ကို အသုံးပြုထားပြီး မြင်းကောင်ရေ ၄၅၀ အား ထုတ်လုပ်ကာ အမြန်နှုန်း ၁၄၀ knots ဖြင့် ပျံသန်းနိုင်ပြီး လေထဲတွင် ၂၅ နာရီကြာ အမြင့်ပေ ၂၅၀၀၀ ထိ ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

**General Atomics, Hanwha to Co-Develop Gray Eagle STOL Drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**အုပ်ချုပ်မှုပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ကြပ်မတ်ကွပ်ကဲရသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် လိုသကဲ့သို့ လိုက်ပါဆောင်ရွက်ရသူများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြင့် လိုက်နာဆောင်ရွက်သွားကြရန်လို၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူခြင်းလုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကို များစွာအထောက်အကူပြုစေနိုင်သဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို . . .**

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေများပေးအပ်စဉ်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းမြို့နှင့်သွားလာဆက်သွယ်မှု အဆင်ပြေစေရေးအတွက် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းနှင့် သင်္ဘောကြီးများ ဆိုက်ကပ်ရပ်နားနိုင်သည့် ဆိပ်ခံတံတားကို တည်ဆောက်ပေးခဲ့ပြီး ယခင်ကထက် များစွာတိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ကိုကိုးကျွန်းသည် မိမိတို့နိုင်ငံအတွက် ပထဝီအနေအထားအရ အရေးပါသည့်နေရာတွင် တည်ရှိသောကြောင့် ကိုကိုးကျွန်းတပ်နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များ သာမက မိသားစုဝင်များအနေဖြင့်လည်း အမြဲလုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် နေထိုင်ကြရန်လိုကြောင်း။

တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများ အားလုံးက ကာကွယ်ရေးအမြင်များရှိရန် လိုကြောင်း၊ တပ်မတော်သားများ ဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန် ဆောင်ရွက်ပြီး အမြဲCombat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်မှု ရှိစေရေးအတွက် တပ်မတော်သားတစ်ဦး နေ့စဉ်ဆောင်ရွက်ရမည့် ကိုယ်လက်ကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို အမြဲဆောင်ရွက်နေရန်လိုကြောင်း၊ ရဲစွမ်းသတ္တိရှိရန်အတွက် မြန်မာ့ရိုးရာသိုင်း၊ လက်ဝှေ့နှင့် အခြားကိုယ်ခံပညာရပ်များကို အမြဲ လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ ရဲစွမ်းသတ္တိရှိခြင်းဆိုသည်မှာ အများအကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို သတ္တိရှိစွာဖြင့် ပြတ်ပြတ်သားသား တာဝန်ထမ်းဆောင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရဲစွမ်းသတ္တိရှိစေရေး မိမိကိုယ်ကို လေ့ကျင့်နေရန်လိုကြောင်း၊ ကျွမ်းကျင်မှုနှင့်ပတ်သက်၍ မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်ခဲယမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးပြုနိုင်ရေးနှင့် အမြဲအသင့်ဖြစ်နေစေရေး စဉ်ဆက်မပြတ်လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။

အလားတူ နေ့စဉ်ဆောင်ရွက်နေရသည့် ဦး၊ ရေး၊ ထောက်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကိုလည်း အမြဲစနစ်တကျဆောင်ရွက်နေမည်ဆိုပါက စည်းကမ်းကောင်းမွန်သည့် တပ်များဖြစ်လာမည်ဖြစ်ကြောင်း၊ နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများကို မပျက်မကွက် လုပ်ဆောင်နေမည်ဆိုပါက အရည်အချင်းရှိသည့်တပ်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် Check ၊ Recheck ၊ Counter Check ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ **အုပ်ချုပ်မှုပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ကြပ်မတ်ကွပ်ကဲရသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုသကဲ့သို့ လိုက်ပါဆောင်ရွက်ရသူများ အနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြင့် လိုက်နာဆောင်ရွက်သွားကြရန်လို**ကြောင်း၊ အရာရှိစစ်သည်များ၏ ရသင့်ရထိုက်သည့်အခွင့်အရေးများ မဆုံးရှုံးစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးနေရန်လိုကြောင်း။

မိမိတို့၏ ကျန်းမာရေးနှင့် လူမှုဘဝကို ထိခိုက်စေနိုင်သည့် အရက်သေစာသောက်စားခြင်းများနှင့် အပျော်အပါးလိုက်စားခြင်းများကို တတ်နိုင်သမျှရှောင်ကြဉ်ရန်လိုကြောင်း၊ အသုံးအစွဲချွေတာသုံးခြင်းဖြင့် မိမိတို့၏ဝင်ငွေနှင့်ထွက်ငွေများ မျှတအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ **တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကို များစွာ အထောက်အကူပြုစေနိုင်သဖြင့်**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖျိုင်းကျွန်းနှင့်ဂျယ်ရီကျွန်းဆက်လမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံရေတပ်စခန်းဌာနချုပ် ကိုကိုးစိုက်ပျိုးရေးခြံ၌ ပြသထားသည့် ကိုကိုးစေ့များကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်နယ်ရှိ နွားမွေးမြူရေးခြံအတွင်း နွားများမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။**

စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ အားကစားပြိုင်ပွဲများ၊ ကြံ့ခိုင်ရေးပြိုင်ပွဲများ၊ သဲသောင်ပြင်အပြေးပြိုင်ပွဲများကျင်းပခြင်း၊ ရုပ်ရှင်များပြသခြင်း၊ ရာသီအလိုက် ပွဲတော်များကျင်းပပေးခြင်းများကို ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်၊မိသားစုများ၏ စိတ်ဓာတ်ကိုမြှင့်တင်ပေးရန်လိုကြောင်း။

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်၏ အခြေအနေအရ ၂၀၂၁ ခုနှစ်မှ စတင်၍ နိုင်ငံတော်၏ တာဝန်ကိုယူခဲ့ရကြောင်း၊ ရွေးကောက်ပွဲကိုလည်း မကြာမီအချိန်အတွင်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း မိမိတို့ဒေသနှင့် နိုင်ငံ၏အကျိုးကိုအမှန်တကယ်လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းလိုက်နာသည့်သူ၊ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအမြင်ရှိသူကို ရွေးချယ်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံတစ်ခုကို တည်ဆောက်ရန်အတွက် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အရာရှိစစ်သည်၊ မိသားစုများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝစေရေး နိုင်ငံတော်အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးခြေအနေအရ တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရခြင်းဖြစ်ကြောင်း၊ မိမိတို့အားလပ်သည့် အချိန်များတွင် စာပေဖတ်ရှုလေ့လာခြင်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ စာဖတ်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်စေရေး အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စာပေများဖတ်ရှုလေ့လာပြီး အသိပညာအတတ်ပညာများတတ်ကျွမ်းအောင် ဆောင်ရွက်ကြရန်နှင့် မိမိတို့၏သားသမီးများအား ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေများကိုလည်းကောင်း ပေးအပ်ရာ ရေတပ်ဌာနချုပ်မှူးနှင့်ဇနီးတို့က လက်ခံရယူကြသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက်စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နွားမွေးမြူရေးခြံအတွင်း ဒေသနွားများ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျွန်းပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဖျိုင်းကျွန်းနှင့်ဂျယ်ရီကျွန်းဆက်လမ်း ဆောင်ရွက်ထားမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ကိုကိုးကျွန်းပေါ်ရှိ မြေလွတ်နေရာများ၌ မျိုးကောင်းသည့်အုန်းပင်များအား စနစ်တကျဖြင့် အကွက်ချစိုက်ပျိုးရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပင်လယ်ရေမှ စိုက်ပျိုးရေထုတ်ယူသုံးစွဲနိုင်ရေး သုတေသနပြုဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ် ကိုကိုးစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ကိုကိုးပင်များ ရှင်သန်အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကိုကိုးပင်များအားယခုထက် ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်၊ ထိုမှတစ်ဆင့် မြေနိမ့်ကော်ဖီကို စမ်းသပ်စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည့် ကိုကိုးကျွန်းလေဆိပ်သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို မြို့နယ်ခန်းမ၌တွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ မြန်မာအီလက်ထရောနစ် မဲပေးစနစ် (MEVM) စက်များအသုံးပြုနိုင်ရေး အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုကိုးဆည်မှတစ်ဆင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိမှု၊ ရေသန့်စက်များ တပ်ဆင်၍ သောက်ရေသန့်များ ဖြန့်ဝေပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိမှု၊ အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကိုကိုးပင်များ စိုက်ပျိုးလျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အခြေအနေများကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေးကဏ္ဍလိုအပ်မှု၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအတွက်လိုအပ်မှု၊ ပုဂ္ဂလိကလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ကိုကိုးပင်စိုက်ပျိုးခြင်းနှင့် ပတ်သက်ပြီး ဒေသအတွက် အကျိုးဖြစ်ထွန်းစေရန်အတွက် စိုက်ပျိုးစေခြင်းဖြစ်ကြောင်း၊ ကိုကိုးပင်စိုက်ပျိုးခြင်းများ တိုးတက်စေရေးအတွက် မိမိတို့ကိုယ်တိုင်ဆက်လက်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသဝင်ငွေတိုးတက်ရရှိရေးအတွက် ဒေသတွင်နေထိုင်ကြသူများက ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ကိုကိုးကျွန်းဒေသအတွက် လိုအပ်လျက်ရှိသည့် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး သမဝါယမလုပ်ငန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ကျန်းမာရေးကဏ္ဍလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ဆက်သွယ်ရေးကွန်ရက်များ တပ်ဆင်ပေးထားမှု၊ ပညာရေးကဏ္ဍအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မိမိအနေဖြင့် ကိုကိုးကျွန်းမြို့သို့ လာရောက်ခဲ့သည်မှာ အကြိမ် ၂၀ မြောက်ရှိပြီဖြစ်ကြောင်း၊ ကိုကိုးကျွန်းမြို့ တိုးတက်စေရေး မိမိအနေဖြင့် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်မှစတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ယခင်ကနှင့် လုံးဝမတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်မှာ မျက်ဝါးထင်ထင်ပင်ဖြစ်ကြောင်း၊ မိမိတို့က မည်သို့ပင်ဆောင်ရွက်ပေးသည်ဖြစ်စေ ကိုကိုးကျွန်းမြို့မှ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားကြရန်လည်းလိုကြောင်း။

ကိုကိုးကျွန်းမြို့တွင် လယ်မြေများမရှိကြောင်း၊ သွားလာစားသောက်ရေးနှင့် ပတ်သက်၍ စိန်ခေါ်မှုများရှိကြောင်း၊ သွားလာရန် ခက်ခဲသည့်အချိန်တွင် စားသောက်ရေးအတွက် အခက်အခဲမဖြစ်စေရန်လိုကြောင်း၊ ထို့ကြောင့် မြို့တွင်နေထိုင်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မြို့နေပြည်သူများအနေဖြင့် ဝိုင်းဝန်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့မြေများတိုးချဲ့ရာတွင် စိုက်ပျိုးမြေများမထိခိုက်စေရေး ကြိုတင်စဉ်းစားတွက်ချက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်ရှိသည့် ပြည်သူများ မပူမပင်ဖြင့် စားသောက်နိုင်စေရေး အမြဲဆန်ဖူလုံမှုရှိအောင် တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသ ဝမ်းစာဖူလုံရေးအတွက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

လယ်ယာများ၊ ကုန်းမြင့်ယာများကို ဖော်ထုတ်သွားရန်လိုကြောင်း၊ ထိုသို့ဖော်ထုတ်နိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ စားရေးနှင့်ပတ်သက်၍ ကိုကိုးကျွန်းမြို့တွင်နေထိုင်ကြသည့် ပြည်သူများ၏ အရေအတွက်ကိုတွက်ချက်၍ ပထမအဆင့် ၂၅ ရာခိုင်နှုန်းဖူလုံစေရန်၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်းဖူလုံစေရန်၊ ထိုမှတစ်ဆင့် ၁၀၀ ရာခိုင်နှုန်း ပြည့်မီသည်ထိ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ ဒေသဝမ်းစာပြည့်မီရေးအတွက် ဒေသအကျိုးကိုကြည့်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ရေရှည်ကိုကြည့်၍ စနစ်တကျတွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများသာမက တစ်ပိုင်တစ်နိုင်ကြက်၊ ဝက်၊ ဆိတ်မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသနှင့် ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကိုကိုးကျွန်းနေပြည်သူများ၏ အချက်အလက်များကိုကောက်ယူ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး မြို့ရွာတည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ကိုကိုးကျွန်းဒေသတွင် အခြေခံအားဖြင့် ရှိပြီးဖြစ်သည့် အုန်းပင်များမှ အုန်းထွက်ပစ္စည်းများကို ထုတ်လုပ်၍ရကြောင်း၊ ထို့ကြောင့် ကိုကိုးကျွန်းဒေသမှ အုန်းထွက်ပစ္စည်းများထုတ်လုပ်နိုင်ရေး မိမိအနေဖြင့် ဆောင်ရွက်ပေးထားကြောင်း၊ ကိုကိုးကျွန်းဒေသတွင် ယခုထက်ပိုမိုကောင်းမွန်သည့် အုန်းမျိုးများ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ဒေသတွင်အခြေခံအကျဆုံး ပြည်သူများအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့ဒေသမှ ထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများ မြင့်မားစေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ အတန်းပညာတတ်မြောက်ပြီးသူများကို အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို သင်ကြားပေးမည်ဆိုပါက ကိုကိုးကျွန်းမြို့တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်း တိုးတက်လာမည်ဖြစ်ကြောင်း။

ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအားလုံးဝိုင်းဝန်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသတွင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း၊ ထို့ကြောင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုကိုးကျွန်းမြို့တွင်တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ မြင့်မားစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ပညာသင်ကြားရာတွင် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို အတန်းလိုက်ပညာများ တတ်ကျွမ်းမှုရှိစေရေး သင်ကြားပေးရန်လို ကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုကိုးကျွန်းမြို့တွင် ပညာသင်ကြားမှုအနေဖြင့် ကျောင်းသားနှင့် ဆရာ၊ ဆရာမ အချိုးကောင်းမွန်သည့် အတွက်

စာမျက်နှာ ၁၉ သို့

# တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ကျောင်းသူတစ်ဦးကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်မှ တပ်မတော်သား မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)သို့ တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်း ရတနာများကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ပုသိမ်တပ်နယ် အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအတွက် အဝတ်အထည်များ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် နိုင်ငံ့သားကောင်းရတနာများကို အဝတ်အထည်များ ပေးအပ်စဉ်။





အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ သီပေါမြို့သို့ရောက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုကြစဉ်။

☆ ကျောဖုံးမှအဆက်

ယာယီထိန်းချုပ်ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာစည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှ နိမ့်ကျမှုများ၊ တိုက်ပွဲ၏ အနိဋ္ဌာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က သီပေါဒေသတစ်ဝိုက်ကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာ ကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ရသည့် ဒေသခံတိုင်းရင်းသား ပြည်သူအချို့မှာလည်း ၎င်းတို့၏နေရပ်ဒေသများသို့ အားချင်း ပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် သီပေါမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသား ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှု ယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏ မြို့ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး၊ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့ရွာများအတွင်း မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ယနေ့တွင် သီပေါမြို့သို့ ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည် လည်ပတ်စေရန်မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် သီပေါမြို့ကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ရုံး၊ ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**စာမျက်နှာ ၁၈ မှအဆက်**

ပညာသင်ကြားရေးကို ပိုမိုဆောင်ရွက်နိုင်ပြီး ပညာရည်ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ကြောင်း၊ ဒေသတွင်း ပညာတတ်များ ပိုမိုကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုစေနိုင်ကြောင်း။

ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်က ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့ အထက်တန်းကျောင်းအတွက် စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကိုကိုးကျွန်းမြို့နယ် အထက်တန်း ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ လွတ်လပ်၍တရားမျှတပြီး အောင်မြင်သောရွေးကောက်ပွဲဖြစ်မည်ဖြစ်



နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပသွားမည်ဖြစ်ရာ အပိုင်း(၁)ကျင်းပပြုလုပ်မည့် နေ့ရက်နှင့်မြို့နယ်များကို ကြေညာပြီးဖြစ်၍ ဆက်လက်ကျင်းပမည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ရက်တိုးမြှင့်သတ်မှတ်ပေးနိုင်ရေး နိုင်ငံရေးပါတီများက တောင်းဆိုခြင်းများ ရှိခဲ့ပါကြောင်း၊ ကိုယ်စားလှယ်လောင်း တင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့် ကိုယ်စားလှယ်လောင်း အရေအတွက်ကိုလည်း ပြင်ဆင်သတ်မှတ်ပေးခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် PR မဲဆန္ဒနယ်များအတွက် ဦးစားပေးအစီအစဉ်အတိုင်း ဖော်ပြထားသည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို နိုဝင်ဘာ ၃၀ ရက် မတိုင်မီ ကော်မရှင်သို့ပေးပို့နိုင်ရေး အကြောင်းကြားပြီးဖြစ်၍ ထပ်မံအသိပေး ပြောကြားလိုကြောင်း။

ပထမအကြိမ် မဲစာရင်းကပ်ထား ကြေညာခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းပြုစုရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ရရှိသည့်စာရင်းအပေါ်တွင် အခြေခံ၍ Software များ အသုံးပြုတိုက်ဆိုင်စစ်ဆေးပြုစုခြင်းဖြစ်ပါကြောင်း၊ မဲစာရင်းနှင့်စပ်လျဉ်း၍ ကြေညာချက်များ၊ နှိုးဆော်ချက်များ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ဆောင်ရွက်ထားပါကြောင်း၊ ယာယီနေရပ်စွန့်ခွာနေရသူများ မဲပေးနိုင်ရေးအတွက် ရောက်ရှိနေရာတွင် မဲပေးနိုင်ရေးနှင့် မူလနေရပ်သို့ ကြိုတင်မဲပေးနိုင်ရေး နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲမကျင်းပနိုင်သည့် ၅၆ မြို့နယ်ရှိ မဲဆန္ဒရှင်များအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပချိန်တွင် မဲပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းမပြုမီ စိစစ်နိုင်ရေး နိုင်ငံရေးပါတီများသို့ ဖိတ်ကြားသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ၏အသက်သည် မဲစာရင်းဖြစ်သည့်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ပြီးဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့် အပိုင်းတစ်ပိုင်းတည်းအတွက်မဟုတ်ဘဲ ရွေးကောက်ပွဲအပိုင်းအားလုံးအတွက် ယင်းကာလအတွင်း မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့်အခါ ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က၊ နည်းဥပဒေအခန်း (၁၀)ပါ သတ်မှတ်ချက်များ၊ ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များနှင့် အခန်း(၁၄)တွင် ပါသည့် တရားမဲ့ပြုကျင့်မှုများကို အထူးသတိပြုရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာပါတီဝင်များ၊ ပါတီထောက်ခံသူများကိုလည်းသိရှိအောင် အသိပေးထိန်းကျောင်းရန် လိုအပ်ပါကြောင်း၊ သတ်မှတ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်ငြိစွန်းခြင်း မရှိစေရေးကိုလည်း သတိပြုစေလိုပါကြောင်း။

လွှတ်တော် သုံးရပ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ် ငွေကျပ် သိန်းတစ်ရာ့ငါးဆယ်၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအနေဖြင့် ငွေကျပ် သိန်းသုံးရာအထိ သုံးစွဲခွင့်ရှိပါကြောင်း၊ ရွေးကောက်ပွဲ ကုန်ကျစရိတ်များကို စနစ်တကျမှန်ကန်စွာ စာရင်းပြုစုရေးသွင်းထားပြီး သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၌ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထား သည့်ရက်အတွင်း မတင်သွင်းပါက ခုံအဖွဲ့ဖွဲ့၍ စစ်ဆေးပြီး အရည်အချင်းပျက်ယွင်းသူအဖြစ် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါ၍ ရွေးကောက်ပွဲကုန်ကျစရိတ်များကို အချိန်မီ တင်သွင်းကြရန် မှာကြားလိုကြောင်း။

ရွေးကောက်ပွဲဆိုသည်မှာ ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်မရပါကြောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ လွတ်လပ်၍တရားမျှတပြီးအောင်မြင်သော ရွေးကောက်ပွဲဖြစ်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၇ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အပါအဝင် မြို့နယ် ခြောက်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ပြည်သူ့ဆေးရုံများ၊ ဘိုးဘွားရိပ်သာများနှင့် သတ်မှတ်နေရာအသီးသီး၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ (၁၀)၊ ပုံစံ (၁၀ - က)နှင့် ပုံစံ (၁၀ - ခ) များ ကပ်ထားကြေညာမည့်နေ့ရက် အသိပေးကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၈**

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများတွင် ၈-၉-၂၀၂၅ ရက်မှ ၂၂-၉-၂၀၂၅ ရက်ထိ အမည်စာရင်းတင်သွင်းလွှာများကို တင်သွင်းခဲ့ကြပြီးဖြစ်ပါသည်။

၂။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ၂၃-၉-၂၀၂၅ ရက်မှ ၄-၁၀-၂၀၂၅ ရက်ထိ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်းကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်၍ စိစစ်လက်ခံအတည်ပြုထားသော သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ(၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ (၁၀-ခ) များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၉-၁၀-၂၀၂၅ ရက်နေ့၌ တစ်ပြိုင်တည်းကပ်ထားကြေညာမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ



မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကြည့်ရှုလေ့လာစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၃ ရက်မှစတင်၍ လေ့လာရေးခရီး သွားရောက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘဆွေမျိုးများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အောက်တိုဘာ ၁၄ ရက်တွင် ပေကျင်းမြို့ရှိ Tian Tan ပန်းခြံနှင့် Tian an men ရင်ပြင်သို့ သွားရောက်လည်ပတ်ပြီး Ling Guang ဘုရားကျောင်းသို့သွားရောက်၍ ဘုရားကျောင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ခြင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး(Grate wall)သို့ သွားရောက်လေ့လာခြင်း၊ နွေရာသီနန်းတော်သို့ သွားရောက်လေ့လာခြင်းနှင့် အိုလံပစ်ကျင်းပခဲ့သည့် အဆောက်အအုံများနှင့် မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်ကာ ညပိုင်းတွင် ညရှုခင်းများကြည့်ရှုခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၁၆ ရက်တွင် ပေကျင်းမြို့ရှိ ပေကျင်းကျည်ဆန်ရထားဘူတာရုံမှ ပေကျင်း-တီယန်ကျင်း ကျည်ဆန်ရထားဖြင့် တီယန်ကျင်းမြို့သို့ လည်းကောင်း၊ တီယန်ကျင်းမြို့လေဆိပ်မှ ကွမ်ကျိုးမြို့သို့ Southern China လေကြောင်းလိုင်းဖြင့်လည်းကောင်း စီးနင်းလိုက်ပါ၍ ကွမ်ကျိုးမြို့သို့ရောက်ရှိကြပြီး Good Chain လုပ်ငန်းခွဲများကို လေ့လာကြသည်။ အောက်တိုဘာ ၁၇ ရက်နံနက်ပိုင်းတွင် ကွမ်ကျိုးမြို့ရှိ Ji Nan တက္ကသိုလ်သို့သွားရောက်၍ Ji Nan တက္ကသိုလ်၏ သမိုင်းကြောင်း၊ စာကြည့်တိုက်နှင့်ဌာနခွဲများကို လှည့်လည်လေ့လာခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းမှုများအပေါ် တက္ကသိုလ်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့အတွင်း လေ့လာလည်ပတ်ကြပြီး ညပိုင်းတွင် Guang Zhou Tower ကို သွားရောက်လေ့လာကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့၏တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရမှုနှင့်ပတ်သက်၍ ယခုကဲ့သို့ ကြားသိရပါသည်-

**မယွန်းဆုဝေဇင်**
**(နှစ်ထပ်ကွမ်းလူရည်ချွန်)**



"သမီးကတော့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ လေးဘာသာဂုဏ်ထူး ရမှတ်ပေါင်း ၅၁၂ မှတ်နဲ့ အောင်မြင်ခဲ့တဲ့ နှစ်ထပ်ကွမ်းလူရည်ချွန် မယွန်းဆုဝေဇင်ပဲဖြစ်ပါတယ်၊ ပထမဦးဆုံး တရုတ်မှာငါးရက်တာနေခဲ့ရပါတယ်၊ အဲ့ဒီငါးရက်တာအတွင်းမှာသမီးတို့အနေနဲ့ မရောက်ဖူးတဲ့နေရာတွေ၊ စိတ်ဝင်စားဖွယ်အထင်ကရနေရာတွေကို သွားရောက်လည်ပတ်ခွင့်ရခဲ့ပါတယ်၊ ပထမဦးဆုံးအနေနဲ့သမီးတို့ပထမရက်မှာ Tian an men ရင်ပြင်နဲ့ Tian Tan ပန်းခြံကိုသွားခဲ့ရပါတယ်၊ အဲ့ဒီမှာဆိုရင် တရုတ်နိုင်ငံရဲ့ နှစ်ရှည်ထိန်းသိမ်းထားတဲ့ အပင်တွေ သဘာဝသစ်တောတွေကို မျက်မြင်တွေ့ရှိခဲ့ရတယ်၊ နောက်နေ့မှာ သမီးတို့ မဟာတံတိုင်းကိုသွားခဲ့ပါတယ်၊ ပြီးရင် သမီးတို့ Ji Nan တက္ကသိုလ်ကိုလည်း သွားရောက်လေ့လာခဲ့ရပါတယ်၊ အဲဒီမှာ သူတို့တက္ကသိုလ်တွေရဲ့ တိုးတက်ပြောင်းလဲမှုတွေ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေ၊ တိုးတက်ပုံအဆင့်ဆင့်တွေကို လေ့လာခဲ့ရပါတယ်၊ ဒီလိုမျိုးမရောက်ဖူးတဲ့နေရာတွေကို သွားရောက်လည်ပတ်ခွင့်ရခဲ့တာမို့လို့ ဒေသန္တရဗဟုသုတတွေလည်း ရရှိခဲ့ပါတယ်၊ ရရှိခဲ့တဲ့ဗဟုသုတတွေကို နောင်တစ်ချိန်မှာ ကိုယ့်ပတ်ဝန်းကျင်က လူတွေကိုလည်း ပြန်လည်ပြီးတော့ မျှဝေပေးနိုင်မယ်လို့ ယုံကြည်ပါတယ်ရှင့်၊ သမီးကတော့ ကလေးအထူးကုဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်၊ သမီးတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သွားရောက်ခွင့်ရအောင် စေလွှတ်ပေးခဲ့တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ကျောင်းသား၊ ကျောင်းသူများကိုယ်စား သမီးက အထူးပင်ကျေးဇူးတင်ရှိပါတယ်၊ နောက် သမီးတို့ကို ခရီးစဉ်တစ်လျှောက်လုံးမှာ လိုလေသေးမရှိအောင်ကူညီဆောင်ရွက်ပေးခဲ့တဲ့ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကိုလည်း ကျောင်းသား၊ ကျောင်းသူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင့်"ဟု ပြောသည်။

**မောင်ဖြိုးခန့်ကိုကို**
**(သုံးထပ်ကွမ်း လူရည်ချွန်)**



"ကျွန်တော့်နာမည်ကတော့ မောင်ဖြိုးခန့်ကိုကိုဖြစ်ပါတယ်၊ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲမှာ ဂုဏ်ထူးခြောက်ဘာသာနဲ့အောင်မြင်ခဲ့တာဖြစ်ပါတယ်၊ လူရည်ချွန်သုံးထပ်ကွမ်းလည်းဖြစ်ပါတယ်၊ ကျွန်တော်တို့ တရုတ်နိုင်ငံကို သွားပြီးလေ့လာတဲ့အခါမှာ မဟာတံတိုင်း၊ နောက် နွေရာသီနန်းတော်ပေါ့ သူတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ် နေရာတွေကို သွားရောက်လေ့လာခဲ့ပါတယ်၊ နောက် သူတို့ရဲ့ လူနေမှုစနစ်တွေကိုလည်း လေ့လာလည်ပတ်ခဲ့ပြီးတော့ သူတို့ရဲ့ ကုန်တိုက်တွေကိုလည်း ရောက်ခဲ့ပါတယ်၊ အဲဒီနေရာတွေကိုလေ့လာခဲ့ရတဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ မတူညီတဲ့ အချက်တွေကို သတိထားမိပြီးတော့ မတူညီတဲ့ အတွေ့အကြုံခံစားမှုတွေနဲ့ မြန်မာနိုင်ငံကိုပြန်ရောက်လာတဲ့အခါမှာလည်း မတူညီတဲ့ရှုထောင့်ကနေကြည့်ပြီးတော့ ပိုပြီးတော့တိုးတက်အောင်ကြိုးစားနိုင်မယ်လို့ထင်ပါတယ်ခင်ဗျာ၊ ကျွန်တော့်အနာဂတ်အတွက် ဆရာဝန်တစ်ယောက်ဖြစ်ဖို့ ဆေးကျောင်းကိုလျှောက်ထားပါတယ်၊ အခုလို ကျွန်တော်တို့ကျောင်းသားလူငယ်တွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို လေ့လာရေးခရီးစဉ် စေလွှတ်ပြီးတော့ အစစအရာရာလိုလေသေးမရှိအောင် ဂရုစိုက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်ခင်ဗျာ"ဟု ပြောသည်။ (၅၀၁)

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ (၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် အဘယာရာမမိုးထိကျောင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၉ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၆ ပါးနှင့် ဒေသခံပြည်သူ ၁၇၁ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Center များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Center ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှ စာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

**(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၉-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

**(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)**
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

**(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)**
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

**(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

**(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)**
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

**(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

**(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

**(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၂၁၂၆၈
(၂) ၀၅၂-၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

**(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၈၉
(၂) ၀၆၃-၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉- ၅၂၀၂၆၅၉

**(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

**(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

**(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

**(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

**(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

**(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး အစီအစဉ်များအတွက် ချေးငွေများလျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာချက်

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသများမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၏ နေအိမ်များ၊ စက်ရုံအလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ငလျင်ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများပြန်လည်ထူထောင်ရန် နိုင်ငံတော်ကထည့်ဝင်ပံ့ပိုးသောရန်ပုံငွေဖြင့် သုံးနှစ်မှ ငါးနှစ်ထိ သက်တမ်းရှိသည့် ချေးငွေများကို သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ပါသည်-

- နေအိမ်နှင့် အဆောက်အအုံပြန်လည်တည်ဆောက်ရေးချေးငွေ(အတိုးနှုန်း ၃ %)
- အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSMEs)လုပ်ငန်းများအတွက် လုပ်ငန်းလည်ပတ်ရင်းနှီးငွေ၊ စက်ပစ္စည်း၊ ရေ၊ မီး၊ ဆိုလာနှင့် ရင်းနှီးမြှုပ်နှံမှုချေးငွေ (အတိုးနှုန်း ၅ %)
- စက်ရုံလုပ်ငန်းကြီးများ ပြန်လည်ပြုပြင်ရေးနှင့် လည်ပတ်နိုင်ရေးချေးငွေ (အတိုးနှုန်း ၇ %)
- နိုင်ငံပိုင်အခြေခံအဆောက်အအုံများ တာဝန်ယူတည်ဆောက်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီများအတွက် ယာယီချေးငွေ(အတိုးနှုန်း ၇ %)

ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့်ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအဖြစ် AYA Bank PCL ၊ UAB Bank PCL ၊ CB Bank PCL ၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်၊ ရိုးမဘဏ်၊ ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်၊ အင်းဝဘဏ်၊ Best Merchant Finance Co., Ltd နှင့် Zega Finance Co., Ltd တို့အား ချေးငွေဆိုင်ရာစံပြုလုပ်ငန်းစဉ် (SOP)နှင့်အညီ ရွေးချယ်ထားပါသည်။ (SOP အသေးစိတ်အချက်များကို CBM Website www.cbm.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။)

ငလျင်ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများရှိ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအနေဖြင့် ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့်ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများမှတစ်ဆင့် ချေးငွေများလျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၇-၁၀-၂၀၂၅)

# ကျောက်မဲမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများ ဆက်လက် လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကျောက်မဲမြို့ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နေမှုကို တွေ့ရစဉ်။



တာဝန်ရှိသူတစ်ဦးက ကျောက်မဲမြို့အခြေခံပညာကျောင်းအတွက် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ကျောင်းသား၊ ကျောင်းသူများ အမြန်ဆုံးပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူလူထုတို့ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၈ ရက်တွင်လည်းကောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းတို့ကို အောက်တိုဘာ ၁၅ ရက်တွင်လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း(နောင်ပိန်)ကို အောက်တိုဘာ ၁၆ ရက်တွင်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၁၇ ရက်တွင်လည်းကောင်း၊ ယနေ့တွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းကိုလည်းကောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့ထိ အခြေခံပညာကျောင်း ခြောက်ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၁၃၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၄၀၂၄ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့အတူ ကျောက်မဲမြို့သို့ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများကို အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၇၈ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ တစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**❑ ရန်ကုန်-ပုဂံ ရထားလမ်းပိုင်းမှ**

ကုန်စည်များအဆင်ပြေစွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် ပုဂံ-အောင်လံ-ရန်ကုန် လမ်းပိုင်းတွင် ပြေးဆွဲပေးခဲ့သော အမှတ်(၆၂) အစုန်ရထားကို အောက်တိုဘာ ၂၁ ရက်မှစတင်ပြီး ပုဂံ-ပျဉ်းမနား-ရန်ကုန် ခရီးစဉ်အဖြစ် ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်။

အဆိုပါ အမှတ်(၆၂)အစုန် လူစီးရထားကို အောက်တိုဘာ ၂၁ ရက် (အင်္ဂါနေ့) ညနေ ၆ နာရီတွင် ပုဂံဘူတာမှ စတင်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အမှတ်(၆၁)အဆန် ရန်ကုန်-ပျဉ်းမနား-ပုဂံရထားကို အပတ်စဉ် သောကြာနေ့နှင့် အမှတ်(၆၂)အစုန် ပုဂံ-ပျဉ်းမနား-ရန်ကုန် ရထားကို အပတ်စဉ် အင်္ဂါနေ့တို့တွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အမှတ်(၆၁) အဆန်ရထားသည် ရန်ကုန်မှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင်ထွက်ခွာပြီး ပုဂံသို့ နောက်တစ်နေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၆၂)အစုန် ရထားသည် ပုဂံမှ ညနေ ၆ နာရီထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

ခရီးစဉ်အစအဆုံးအတွက် လက်မှတ်ခနှုန်းထားများကို အနေဖြင့် ရိုးရိုးတန်း ငွေကျပ် ၁၆၀၀၀၊ အထက်တန်း ငွေကျပ် ၂၆၀၀၀ နှင့် အိပ်စင် တစ်ဦးလျှင် ငွေကျပ် ၃၄၀၀၀ ဖြစ်ကြောင်းနှင့် လမ်းခရီးတစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနား၊ လယ်ဝေး၊ ဆတ်သွား၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ လေးအိမ်၊ သာမြား၊ ပင်းချောင်း၊ ကျောက်ပန်းတောင်း၊ ငါ့မင်းမေး၊ ဆုတည်ဘူတာတို့တွင် ရပ်တန့်မည်ဖြစ်သည်။

ရပ်တန့်မည့်ဘူတာများနှင့် လက်မှတ်ခနှုန်းထားများကို ဘူတာများတွင် အသေးစိတ် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပြီး ရိုးရိုးတန်းအတွက် လက်မှတ်များကို တစ်ရက်ကြိုတင်၍လည်းကောင်း၊ အထက်တန်းနှင့်အိပ်စင်အတွက် လက်မှတ်များကို သုံးရက်ကြိုတင်၍လည်းကောင်း ဝယ်ယူနိုင်ကြောင်း သိရသည်။


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး လမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင်လူစီးရထားခရီးစဉ်များ စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့။**

# ဝတ္ထုတိုကဏ္ဍ

# မြစ်ရေစုန်ဆန်

## မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

ထို့ကြောင့်ပင် အဖေ့နေရာရော၊ အမေ့နေရာကိုပါ ယူကာ သူ့ညီတွေ၊ ညီမတွေကိုကြိုးစားကာ စောင့်ရှောက်၏။ တာဝန်ယူခဲ့၏။ အဖေ့အပေါ် နာကြည်းလေသမျှ ဖခင်တစ်ယောက်ဖြစ်ပြီး ဖခင်တစ်ယောက်၏ တာဝန်မကျေပွန်ခဲ့မှုအပေါ် ဝမ်းနည်းကြေကွဲခဲ့သမျှ သူ့ဘဝကိုစတေးကာ တာဝန်ထမ်းခဲ့၏။

ယခုတော့ ညီ၊ ညီမတွေအားလုံး အိမ်ထောင်အသီးသီးကျ၍ သူတို့ခြေပေါ်၊ သူတို့ရပ်တည်နိုင်ခဲ့ပြီ။ ဖခင်ကြီးကိုယ်စား အစ်ကိုကြီးတော့ အဖအရာခံယူကာ စောင့်ရှောက်ခဲ့သည့် အစ်ကိုကြီးအပေါ် အားလုံးက လေးစားရိုသေသလို၊ ကြောက်ရွံ့မှုကလည်း ပိုကဲခဲ့၏။ အားလုံးအစ်ကိုကြီး သဘောတစ်ခုသာ မှတ်ထားကြ၏။ လိုက်နာခဲ့ကြ၏။ ကျိုးနွံခဲ့ကြ၏။

(၃)

ကံကြမ္မာသည် ယခုကဲ့သို့ ဖန်တီးလာလိမ့်မည်ဟု မည်သူကမျှ ထင်မထားခဲ့။ စံဖေတို့မောင်နှမတစ်သိုက်ကလည်း ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ကြ၊ သို့သော် တကယ်ဖြစ်၍လာခဲ့ပြီ။

ရွာဦးဘုန်းကြီးကျောင်းတွင် ဦးမောင်လုတစ်ယောက် ရောက်နေသတဲ့၊ သားတွေသမီးတွေဆီ တိုက်ရိုက်မလာရဲ၍ ဆရာတော်ကြီးကတစ်ဆင့် ခေါ်လွှတ်လိုက်သတဲ့ဟူသော သတင်းသည် တစ်ယောက်ကစ တစ်ရာဆိုသလို တစ်ရွာလုံးသို့ တောမီးပမာ ပျံ့နှံ့လေတော့ရာ၊ စံဖေတို့မောင်နှမတစ်စု နေထိုင်ရာအိမ်ဝိုင်းကြီးအတွင်းတွင် သတင်းမေးသူတို့နှင့် ပြည့်နှက်နေလေ၏။

စံဖေ ကိုးနှစ်သားလောက်ကတည်းက သူတို့ဘဝထဲကထွက်ခွာသွားခဲ့သော ဖခင်ဖြစ်သူကို စံဖေပင်မမှတ်မိနိုင်၊ ပုံရိပ်တောင်မှ မြင်ယောင်လို့ မရတော့။ သူ့ထက်ငယ်သော ညီ၊ ညီမတွေက ဘယ်မှာလာ မှတ်မိနိုင်ပါမည်နည်း။

သို့သော် "အဖေ"ဟူသော စကားလုံးကလေး နှစ်လုံးက အစွမ်းထက်လှလေ၏။ ထိုစကားလုံးကလေးသည် ခေါ်ရသူရော အခေါ်ခံထိုက်သူပါ ဘယ်လိုအရာမျိုးနှင့်မှ မတူသောအရသာကို ပေးစွမ်းနိုင်ပါပေ၏။ ယခုလည်း စံဖေတို့မောင်နှမတစ်စု၏ ရင်ထဲနှလုံးသားထဲမှာ နှစ်ပေါင်းများစွာ ပုန်းလျှိုးဝှက်ကွယ်၍နေခဲ့သော သမုဒယသံယောဇဉ်ကြိုးကို ဝင်ရောက် တီးခတ်လိုက်သောအခါ။

"အဖေတဲ့၊ ငါတို့အဖေ ရွာဦးဘုန်းကြီးကျောင်းမှာရောက်နေသတဲ့၊ ငါတို့ကို တွေ့ချင်လို့တဲ့၊ ဘယ်လိုပုံပန်းပါလိမ့်"ဟူသော သိချင်စိတ်၊ မြင်ချင်စိတ်၊ တွေ့ချင်စိတ်တွေ ဖိတ်ဖိတ်ဝေကာ ရင်ထဲက တလှပ်လှပ်တဖျပ်ဖျပ်ဖြစ်နေလေပြီ။

ဒါပေမဲ့ သူတို့ကို မိဖသဖွယ် ငယ်ရွယ်စဉ်ကတည်းက ပြုစုစောင့်ရှောက်ကျွေးမွေးလာခဲ့သော အစ်ကိုကြီး စံဖေက စကားတစ်ခွန်းမှ မဟဘဲ၊ လူပုံအလယ်တွင် မျက်နှာကြီးစူပုတ်၍ ငူငူကြီးထိုင်နေသောကြောင့် ကျန်အငယ်များ တုတ်တုတ်မျှမလှုပ်ရဲကြ၊ စကားမဟရဲကြ။

ထိုအခါ အမေ့ဘက်မှအမျိုးတွေထဲတွင် ရှားရှားပါးပါးတစ်ယောက်တည်းသာ ကျန်တော့သည့် ထွေးလေးဒေါ်လှခင်ကတော့ လူကြီးပီပီ ဖြစ်ခဲ့ပြီးသမျှအကြောင်းတွေကို သင်ပုန်းချေခွင့်လွှတ်နိုင်ခဲ့ပြီဖြစ်၍ "သွားတွေ့လိုက်ပါ စံဖေရယ်၊ သူ့ခမျာ သူ့အမှားသူသိလို့ ရွာထဲတောင်မလာရဲရှာပါဘူး၊ အခုလဲ ကပ္ပိယကြီးက ပြောသွားတယ်မဟုတ်လား၊ ကျန်းမာရေးကလဲ အတော်ချွတ်ယွင်းနေရှာသတဲ့၊ သူမသေခင် သူ့သားသမီးတွေကို တွေ့သွားချင်ရှာပေမပေါ့၊ ပြုသူအသစ်၊ ဖြစ်သူအဟောင်းတဲ့၊ သူ့အမှားတွေ သူသိရှာပြီထင်ပါရဲ့ဟယ်"

ပြောပြီး အင်္ကျီလက်နားကလေးနှင့် မျက်ရည်သုတ်နေတော့၏။ "ဟုတ်တယ် စံဖေ၊ မင်းတို့အဖေ အခြေအနေမကောင်းတော့ဘူး၊ သားသမီးတွေ တွေ့ချင်လို့သာ အားခဲပြီးလာတာနေမှာ၊ ငါ့စိတ်ထင် ကြာကြာ ခံမယ်မထင်တော့ဘူး၊ မနေ့ကတောင် ဘုန်းကြီးလျှောက်နေသံကြားရတယ်"

တပည့်တော် မိုက်ခဲ့မှားခဲ့ပါတယ် ဘုရား

တပည့်တော်ဟာ ဖခင်ပီသတဲ့သူ မဟုတ်ခဲ့ပါဘူး၊ ဖခင်တာဝန်တွေကိုလဲ မကျေပွန်ခဲ့ပါဘူး၊ ပြောရရင်တော့အဖေလို့တောင်အခေါ်မခံထိုက်တဲ့ဘဝပါဘုရား၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် တပည့်တော် မျက်စိမမှိတ်ခင် သားတွေ၊ သမီးတွေကို တွေ့သွားချင်ပါတယ် အရှင်ဘုရား၊ နောက်ဆုံးတွေ့ခွင့်ကလေးရအောင် ဆောင်ရွက်ပေးတော်မူပါဘုရားဆိုပြီး ဆရာတော်ကို ဦးချလျှောက်ရင်း မျက်ရည်တွေတွေကျပြီး အမောဖောက်နေသေးရဲ့၊ ငါတို့က ငယ်သူငယ်ချင်းတွေဆိုတော့ သူ့အဖြစ်ကို မြင်ရကြားရတာ စိတ်မကောင်းဘူးကွာ"

ကပ္ပိယကြီးရဲ့စကားဆုံးတော့ ထွေးလေးလှခင်တစ်ယောက် စိတ်မထိန်းနိုင်ရှာဘဲ "အင့်"ခနဲ ငိုရှိုက်လိုက်လေသည်။ ပြီးမှ "အင်း လူမိုက် လူမိုက် "မ"ဘက်လိုက်တော့ မိုက်ဘက်ပါခဲ့လေတာကိုး" ဟုလည်း ရေရွတ်နေသေး၏။

ဟိုး ခပ်ဝေးဝေး တောစပ်ကလေးဆီမှ လွင့်ပျံ့လာသည့် ချိုးကူသံသဲ့သဲ့မှတစ်ပါး အားလုံးတိတ်ဆိတ်လျက်ရှိသည်။ တစ်ချိန်လုံး တင်းမာနေသော မျက်နှာထားကြီးနှင့် အင်းမလှုပ် အဲမလှုပ် ငြိမ်သက်နေခဲ့သော စံဖေသည် ထွေးလေးလှခင်နှင့် ကပ္ပိယကြီးတို့၏ စကားသံတွေဆုံးလျှင် သက်ပြင်းလေးတစ်ချက်ချလိုက်ပြီး ရီဝေသောမျက်လုံးများဖြင့် သူ့ညီတွေ၊ ညီမတွေကို ကြည့်ကာ ခေါင်းတစ်ချက် ညိတ်ပြလိုက်လေသည်။

(၄)

အားလုံးထင်ထားကြသည့်အတိုင်းပင် စံဖေတို့ ညီအစ်ကိုမောင်နှမတစ်စုတို့သွားတွေ့ပြီး နောက်ရက်မှာပင် သူတို့အဖေဦးမောင်လုတစ်ယောက် မျက်စိမှိတ်သွားခဲ့ပါပြီ။

> ❖ သူက ငါ့အပေါ်ရက်စက်ခဲ့လို့၊ တာဝန်မကျေခဲ့လို့၊ ဒါမှမဟုတ် နှိပ်စက်ခဲ့လို့ ငါတို့ကလဲ ပြန်ပြီးလက်စားချေတဲ့အနေနဲ့ ပြန်ပြီးရက်စက်မယ်၊ ပြန်ပြီးနှိပ်စက်မယ်ဆိုရင် လက်စားချေ၊ လက်တုံ့ပြန်သံသရာက မဆုံးနိုင်တော့ဘူး ဒကာကြီးရဲ့၊ သံသရာဆိုတာ ကြောက်ဖို့ကောင်းတယ်နော်၊ တိုတိုကလေးမမှတ်နဲ့၊ တစ်ဘဝတည်းမမှတ်နဲ့၊ အရှည်ကြီးဗျ၊ မဆုံးနိုင်ဘူး၊ နိဗ္ဗာန်ကိုမျက်မှောက်မပြုနိုင်သေးသမျှ သံသရာထဲက မလွတ်နိုင်သေးဘဲ ဘဝမျိုးစုံမှာ အဖန်တလဲလဲ ကျင်လည်ကြရဦးမှာ၊ တစ်ဘဝမဟုတ် တစ်ဘဝမှာ ပြန်ဆုံနိုင်ကြသေးတာပဲဆိုတာကို မှတ်ထားပါ။ ❖

ယနေ့ အသုဘချမည်ဖြစ်သဖြင့် သရဏဂုံတင်ပြီး သူတို့ရပ်ရွာဓလေ့အရ သေသူက ကံသုံးပါးနှင့် ကျူးလွန်သမျှ ကျန်ရစ်သူများက ခွင့်လွှတ်လိုက်ကြရသလို သေသူအပေါ်တွင် ကျန်ရစ်သူများက ကံသုံးပါးဖြင့် ကျူးလွန်မိခဲ့သမျှကိုလည်း ဝန်ချတောင်းပန်လိုက်ရ၏။

"မဟုတ်သေးပါဘူး ဘကြီးရယ် . . . ကျုပ်ပြောချင်တာက အဖေတစ်ယောက်အနေနဲ့ ကျုပ်တို့မိသားစုတွေအပေါ် ကျူးလွန်ခဲ့တဲ့အပြစ်တွေကို ကျုပ်တို့က ခွင့်မလွှတ်နိုင်လို့ လိုက်မဆိုတာ မဟုတ်ပါဘူး။ ခွင့်လဲခွင့်လွှတ်တယ်။ ကျေလဲကျေနပ်ပါတယ်။ ဒါပေမဲ့"

ပြောနေရင်းက ဆို့နင့်လာသဖြင့် တံတွေးတစ်ချက် မျိုချလိုက်ရသေး၏။ ပြီးမှ "ကျုပ်တို့ကို ခွင့်လွှတ်ပါလို့တောင်းပန်ရအောင် ကျုပ်တို့ညီအစ်ကို၊ မောင်နှမတွေက အဖေ့အပေါ်မှာ ဘာအပြစ်တွေ ကျူးလွန်ခဲ့မိလို့ တောင်းပန်ရမှာလဲဗျ ပြောစမ်းပါဦး။

ကျုပ်တို့ ဘာမှမသိတတ်သေးတဲ့ ဥမမည်၊ စာမမြောက်သေးတဲ့ အရွယ်ကတည်းက စွန့်ပစ်ခံခဲ့ရတာပါ။ ကျုပ်တို့ဝမ်းကျုပ်တို့ကျောင်းပြီး ကြက်လိုယက်ရှာဖွေစားပြီး ကြီးပြင်းလာခဲ့ရတာပါ။ ကျုပ်တို့မောင်နှမတွေဟာ ကျုပ်တို့ဘဝကို ကျုပ်တို့တည်ဆောက်ခဲ့ကြရတာပါ။

အခု သေခါနီးမှလာပြီး ကျုပ်တို့ရဲ့အဖေပါဆိုလို့သာ လက်ခံလိုက်ရတာပါ။ အဲဒါ အဖေ့အပေါ်မှာ ကျုပ်တို့က ဘာအပြစ်တွေကျူးလွန်ခဲ့လို့ တောင်းပန်ရမှာလဲဗျ၊ ပြောကြစမ်းပါ"

စံဖေ၏ငိုသံပါကြီးနှင့်ပြောသံအဆုံးတွင် ထွေးလေးလှခင်ရော ဘကြီးသာကျော်ပါ စကားမပြန်နိုင်ကြ။

တစ်ချိန်လုံး တစ်ခွန်းတစ်ပါးမျှ ဝင်ရောက်စွက်ဖက်ပြောဆိုခြင်းမရှိဘဲ ငြိမ်သက်စွာ နားထောင်နေခဲ့သော ရွာဦးကျောင်းဆရာတော်ကြီးသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး . . .

"ဘုန်းကြီးက လူ့ကိစ္စတွေမှာ ဝင်မပါချင်ပါဘူး၊ ဒါပေမယ့် မပြောလို့မဖြစ်လို့ ပြောရအုံးမယ်။ ဒီမယ် ဒကာကြီးစံဖေ၊ သေဆုံးသွားတဲ့ ဒကာကြီးမောင်လုဟာ ဘာပဲဖြစ်ဖြစ် ဒကာကြီးတို့ရဲ့ မိဘပါပဲ။ သူ့ဘက်က တာဝန်မကျေပွန်ခဲ့တာ မိဘဝတ္တရားပျက်ကွက်ခဲ့တာ သူ့အပိုင်းထားလိုက်ပါ။ သားသမီးတွေဖြစ်ကြတဲ့ ဒကာကြီးတို့က သားသမီးတာဝန်ကျေပွန်ဖို့က အဓိကပါပဲလို့ ဘုန်းကြီးပြောချင်တယ်။

သူက ငါ့အပေါ်ရက်စက်ခဲ့လို့၊ တာဝန်မကျေခဲ့လို့၊ ဒါမှမဟုတ် နှိပ်စက်ခဲ့လို့ ငါတို့ကလဲ ပြန်ပြီးလက်စားချေတဲ့အနေနဲ့ ပြန်ပြီးရက်စက်မယ်၊ ပြန်ပြီးနှိပ်စက်မယ်ဆိုရင် လက်စားချေ၊ လက်တုံ့ပြန်သံသရာက မဆုံးနိုင်တော့ဘူး ဒကာကြီးရဲ့၊ သံသရာဆိုတာ ကြောက်ဖို့ကောင်းတယ်နော်၊ တိုတိုကလေးမမှတ်နဲ့၊ တစ်ဘဝတည်းမမှတ်နဲ့၊ အရှည်ကြီးဗျ၊ မဆုံးနိုင်ဘူး၊ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးသမျှ သံသရာထဲက မလွတ်နိုင်သေးဘဲ ဘဝမျိုးစုံမှာ အဖန်တလဲလဲ ကျင်လည်ကြရဦးမှာ၊ တစ်ဘဝမဟုတ် တစ်ဘဝမှာ ပြန်ဆုံနိုင်ကြသေးတာပဲဆိုတာကို မှတ်ထားပါ။

တကယ်တော့ ဒကာကြီးမောင်လုဟာ သားသမီးတွေကို လူလားမြောက်သည်ထိမဟုတ်ပေမဲ့ သားသမီးတွေ ဝမ်းထဲမှာစပြီး ပဋိသန္ဓေနေစဉ်ကတည်းက ဒကာကြီးစံဖေဆိုရင်ကို ကိုးနှစ်သားလောက်ထိ မိဘအနေနဲ့ ရှာဖွေကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့တယ် မဟုတ်လား။

အဲသည်အတွက်ရော ကျေးဇူးမရှိဘူးလို့ ဆိုနိုင်ပါ့မလား။ သစ်တစ်ပင်ရဲ့အရိပ်ကို ခဏခိုမိရင်တောင် ကျေးဇူးရှိတယ်။ သူ့အခက်ကို မချိုးသင့်ဘူးလို့ ဆိုကြရဲ့မဟုတ်လား။

စာမျက်နှာ ၂၅ သို့ á

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၃၀၂၂၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၃၀၂၂၇ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၄၈၁၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် သြဂုတ်လဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၀၂၂၇ ကေ ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၁၅ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ၄၄၈၁၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၃၀၂၂၇ ကေရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မား တိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကြင်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကြင်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် သြဂုတ်လအတွင်းက ငါးကြင်းပိဿာချိန် ၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးကြင်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဘက်ပွဲရုံတွေကို ငါးကြင်းတွေ အဝင်နည်းနေတာရယ်၊ ရန်ကုန်ဘက်က ငါးကြင်းတွေ အဝယ်လိုက်နေတာရယ်ကြောင့် ငါးကြင်းတွေ တင်ပို့ရောင်းချအားတက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်ကို ငါးကြင်းတွေပို့ခဲ့တဲ့လ ပထမပတ်လောက်ကတည်းက ရောင်းချအားကောင်းနေတာပါ။ အခြားငါးတွေလဲ ဝယ်လိုအားတက်လာတယ်လို့သိရပါတယ် " ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဦးက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဒေသရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ မှ ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၄ မှအဆက်**

အဲဒီတော့ ငယ်စဉ်ကလေးဘဝမှာ အတူနေထိုင်ခဲ့စဉ်တုန်းက ဖြစ်ဖြစ်၊ နောက်ပိုင်း ဒကာကြီးတို့ ကြီးပြင်းလာကြပြီး အဖေ့အကြောင်း စဉ်းစားမိတိုင်း ငါတို့အဖေဟာ အလကားလူကြီးပါ၊ ငါတို့ကို စွန့်ပစ်ထားခဲ့တာပဲ၊ တာဝန်မကျေတဲ့သူပဲ စသည်ဖြင့် အသိအမြင်မှားတွေနဲ့ ဒေါသ၊ မောဟတတွေနဲ့ ပြောမိ၊ ဆိုမိ၊ စိတ်ကူးမိတာတွေဟာ ဒကာကြီးတို့ မိဘဖြစ်သူအပေါ်မှာ ကျူးလွန်ခဲ့တဲ့အပြစ်တွေပဲလို့ ဘုန်းကြီးက ပြောချင်တယ်"

ဘုန်းတော်ကြီး၏တရားကို ကြားလိုက်ရတော့ စံဖေရော ညီငယ်၊ ညီမငယ်တွေပါ မျက်ရည်မဆည် နိုင်ကြတော့။ ဘေးနားကရွာသားတွေပါ သက်ပြင်းတွေတချချ ဖြစ်ကုန်ကြ၏။

"အခုလဲ သားသမီးတွေရှိတဲ့ ရွာကလေးဆီကို အားခဲပြီးလာခဲ့တာဟာ သူ့ဘဝရဲ့နောက်ဆုံးနေဝင်ချိန်မှာ သူ့အပြစ်တွေကို ခဝါချခဲ့ချင်လို့ မသေခင်မှာ သားတွေသမီးတွေရဲ့မျက်နှာကလေးတွေကို နောက်ဆုံးမြင်တွေ့ သွားချင်လို့ဆိုတာ ဘုန်းကြီးကို ပြောပြခဲ့ပါသေးတယ်"

ဒါကြောင့် သူ့အမှားကိုသူသိပြီး ဖခင်ဖြစ်ပါလျက်နှင့် ဖခင်နေရာ ရောက်နေပါလျက်နဲ့ သားသမီးတွေဆီ မျက်နှာငယ်အောက်ကျခံပြီး လာခဲ့ရရှာတဲ့ ဒကာကြီး မောင်လုရဲ့အပေါ်မှာ ဘာအာဃာတတရားတွေကိုမှမထားဘဲနဲ့ နှစ်ဦးနှစ်ဖက် တောင်းပန်ခွင့်လွှတ်ကျေအေးလိုက်ကြပါတော့။ အမုန်းတရားတွေကို နောင်သံသရာထိ ယူမသွားကြပါနဲ့တော့။

ကဲ ကဲ လိုက်ဆိုကြဆိုကြ ဆရာတော်ကြီးက ရှေ့မှတိုင်ပေးသမျှ စံဖေတို့မောင်နှမတစ်စု ကြေကွဲဝမ်းနည်းစွာ လိုက်ဆိုကြကာ အမျှဝေချိန်မှာ တော့ နေလုံးကြီးသည် အနောက်ဘက်တောစပ်ကလေးဆီတွင် ဖျော့တော့စွာမေးတင်နေပြီ။ မကြာမီ ကွယ်ပျောက်သွားပေတော့မည်။

ရင်ထဲမှာ လှိုက်၍လှိုက်၍တက်လာသည့် ကြေကွဲ ဝမ်းနည်းမှုတို့ကို မျိုသိပ်မထားနိုင်တော့သော စံဖေသည် "ဟီး "ခနဲငိုချလိုက်ကာ ဦးမောင်လု ၏ခြေအစုံကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ပြီး မျက်နှာနှင့် အပ်ထားလိုက်တော့၏။

"ကျုပ်တို့အပေါ်မှာ အဖေတာဝန်ပျက်ကွက်ခဲ့သမျှကို ကျုပ်တို့ ခွင့်လွှတ်ကျေအေးပါတယ်အဖေ၊ ကျုပ်တို့တစ်တွေ အဖေ့အပေါ်မှာ ကံသုံးပါးနဲ့ကျူးလွန် ပြစ်မှားမိခဲ့တာရှိရင်လဲ ခွင့်လွှတ်ကျေအေးပေးပါနော် . . . အဖေ၊ နောက်နောင်ဘဝတွေမှာ ပြန်လည်ဆုံခွင့်၊ ကြုံခွင့်၊ တွေ့ခွင့်များရခဲ့ရင်လဲ တာဝန်ကျေ တဲ့သားသမီးတွေ ဖြစ်ချင်ပါတယ် အဖေ။ တာဝန်ကျေတဲ့မိဘရဲ့ရင်ခွင်အောက်မှာပဲ ကြီးပြင်းခွင့်ရချင်ပါတယ်အဖေ။ တုန္ဓိုင်းမရလောက်အောင် ကြီးမားတဲ့မိဘရဲ့မေတ္တာကို မျှော်လင့်စောင့်စားနေပါ့မယ် အဖေ။ အဖေ ရောက်ရာဘဝက သာဓုခေါ်နိုင်ပါစေ အဖေရယ်. . .

အဖေ. . . ရေ အမျှ. . . အမျှ. . . အမျှ

## ပညာသည်သာ မြတ်ဥစ္စာ

– ပညာသည် ဥစ္စာမြတ်
သင်ယူမပြတ် ရှာဖွေပါ၊
မောင်မယ်တွေ ဘဝလမ်း
ဖြောင့်တန်းဖို့ရာ၊
ပျင်းရိခြင်း ရှောင်ကြဉ်ခွာ
အောင်မြင်မှာ အမှန်မလွဲ၊
ပညာကို တန်ဖိုးထားကွယ်
ကြိုးစားစဉ်မြဲ။

– အားမာန်ဆောင် သတ္တိခဲလို့
ဝီရိယဖွဲ့ စိုက်ထူလေ၊
ပညာကို အခြေခံလျက်
ရှေ့ဆက်သင့်ပေ၊
ရည်မှန်းချက် ပန်းတိုင်အခြေ
လှမ်းနိုင်စေ မောင်မယ်များ၊
တန်ဖိုးရှိသူ လူသားအဖြစ်
ထုဆစ်လှုပ်ရှား။

– ပညာသည် အမြတ်တရား
မှတ်သားစို့ ထာဝစဉ်၊
ပညာဂုဏ် တန်ခိုးထက်မှ
တိုးတက်မည်ပင်၊
ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်
လူ့ဘဝတွင် နေထိုင်မနေး၊
ပညာဉာဏ် အခြေခံမြှင့်လို့
ဂုဏ်တင့်စေလေး။ ။

ရဲသွေးနီ(တက်ဝန်)

# မြန်အောင်မြို့နယ် ဇရစ်ထူကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းပြီးစီးမှုစစ်ဆေး

**မြန်အောင် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဇရစ်ထူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ဇရစ်ထူကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် ဇရစ်ထူကျေးရွာ၌ အရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သံသာ**

# တရုတ်နိုင်ငံတွင် မိုးသက်မုန်တိုင်းကြောင့် လေပြင်းတိုက်ခတ်နိုင်သဖြင့် NMC က သတိပေးချက်ထုတ်ပြန်ထား



**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ်နိုင်ငံတွင် မိုးသက်မုန်တိုင်းကြောင့် လေပြင်းတိုက်ခတ်နိုင်သဖြင့် တရုတ်နိုင်ငံအမျိုးသားမိုးလေဝသဌာန(NMC) က အောက်တိုဘာ ၁၇ ရက်တွင် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံအမျိုးသားမိုးလေဝသဌာန(NMC)၏အဆိုအရ မိုးသက်မုန်တိုင်းသည် အောက်တိုဘာ ၁၇ ရက်မှ ယနေ့ထိ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း၊ မိုးသက်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပါက ချုံချင့်၊ ဟူဘေး၊ ဟီနန်၊ ရှန်ဒေါင်း၊ အန်ဟွေ၊ ကျန်းစု၊ ဟူနန်နှင့် ကွေ့ကျိုးတို့တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး မိုးရေချိန်သည် တစ်နာရီအတွင်း မီလီမီတာ ၅၀ ထက် ကျော်လွန်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

သို့ဖြစ်ပါ၍ မိုးသက်မုန်တိုင်း တိုက်ခတ်စဉ် အဆိုပါဒေသများတွင် မိုးကြိုးမုန်တိုင်းများနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်နိုင်သဖြင့် ဒေသန္တရအာဏာပိုင်များကို ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်နှင့် ပြည်သူများအနေဖြင့် ကြိုတင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားရန် NMCက တိုက်တွန်းထားသည်။

ထို့ပြင် ဘိုဟိုင်းပင်လယ်၊ ပင်လယ်ဝါ၊ ထိုင်ဝမ်ရေလက်ကြား၊ ဘာရှီရေလက်ကြားနှင့် တောင်တရုတ်ပင်လယ်တို့တွင် လှိုင်းကြီးမှုများ ဖြစ်နိုင်ခြေရှိကြောင်း အမျိုးသားမိုးလေဝသဌာန(NMC) က ခန့်မှန်းထားသဖြင့် ပင်လယ်ပြင်၌သွားလာနေသည့် သင်္ဘောများနှင့် ငါးဖမ်းစက်လှေငယ်များ အားလုံးကို အန္တရာယ်ကင်းစေရေး ဆိပ်ကမ်းများသို့ပြန်လာရန် အကြောင်းကြားထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KZ

# ဗီယက်နမ်ရေဘေးဒဏ်သင့်ပြည်သူများအတွက် SRC က စင်ကာပူဒေါ်လာ ၅၀၀၀၀ လှူဒါန်း

**ဟနွိုင်း အောက်တိုဘာ ၁၈**

ဗီယက်နမ်နိုင်ငံ ရေဘေးဒဏ်သင့်ပြည်သူများအတွက် Singapore Red Cross (SRC) က VietNam Red Cross မှ တစ်ဆင့် အောက်တိုဘာ ၁၆ ရက်တွင် စင်ကာပူဒေါ်လာ ၅၀၀၀၀ လှူဒါန်းခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြထားသည်။



ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မုန်တိုင်းသုံးကြိမ်ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အခြေခံအဆောက်အအုံနှင့် လူနေအိမ်ခြေ အမြောက်အမြား ပျက်စီးခဲ့သည့်အပြင် ဒေသခံလူ ရှစ်ဦးထက်မနည်း သေဆုံးကာ ဒေသခံ အမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားရပြီး ရေဘေးဒဏ်သင့်ပြည်သူများမှာ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဆေးဝါးနှင့် စားနပ်ရိက္ခာများ လိုအပ်ချက်ရှိနေကြောင်း သိရသည်။

"ဗီယက်နမ်နိုင်ငံမှာ ရေဘေးအန္တရာယ်တွေနဲ့ရင်ဆိုင်ရပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ပြည်သူတွေ အမြောက်အမြားရှိနေပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေလဲ လိုအပ်နေပါတယ်။ SRC အနေနဲ့ လူသားချင်းစာနာထောက်ထားမှုအစီအစဉ်အရ VietNam Red Cross ကနေတစ်ဆင့် စင်ကာပူဒေါ်လာ ၅၀၀၀၀ လှူဒါန်းပေးအပ်ခဲ့ပါတယ်"ဟု Singapore Red Cross (SRC) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ရာဂါဆာတိုင်ဖွန်းမုန်တိုင်း၊ ဘူအလွိုင်တိုင်ဖွန်း မုန်တိုင်း၊ မက်မိုတိုင်ဖွန်းမုန်တိုင်းတို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး SRC က လူသားချင်းစာနာထောက်ထားမှုအစီအစဉ်အရ စင်ကာပူဒေါ်လာ ၅၀၀၀၀ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အရှေ့အလယ်ပိုင်းဒေသများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မြေအောက်ရေရှားပါးသည့်ပြဿနာဖြင့် ရင်ဆိုင်လာရ

**အမ်မန် အောက်တိုဘာ ၁၈**

အရှေ့အလယ်ပိုင်း ဒေသများတွင် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားနေပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် မြေအောက်ရေရှားပါးသည့်ပြဿနာဖြင့် ရင်ဆိုင်လာရကြောင်း ဂျော်ဒန်နိုင်ငံ အမ်မန်မြို့တွင် အခြေစိုက်သည့် Blue Peace Middle East (BPME) က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်ဘနွန်နိုင်ငံတွင် မိုးခေါင်မှုပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင်နေရသကဲ့သို့ အပူချိန်ပမာဏသည်လည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာကြောင်း၊ လက်ဘနွန်နိုင်ငံတွင် နှစ်စဉ် အပူချိန်ပမာဏသည် သုည ဒသမ ၁၁ ဒီဂရီစင်တီဂရိတ်ထိ ဆက်တိုက်မြင့်တက်နေကြောင်း၊ မိုးရွာသွန်းမှုမှာလည်း ၁၉၅၀ ပြည့်နှစ်နောက်ပိုင်း မိုးကာလအတွင်း မိုးရေချိန်မှာလည်း နှစ်စဉ် ၁၁ မီလီမီတာထိ ကျဆင်းလာကြောင်း Blue Peace Middle East (BPME) က ထုတ်ပြန်ခဲ့သည်။

"အရှေ့အလယ်ပိုင်းဒေသတွေမှာ ရာသီဥတုဖောက်ပြန်မှုနှုန်းတွေ မြင့်တက်နေပါတယ်။ မြေအောက်ရေ ခန်းခြောက်မှုတွေ အစပျိုးနေပါပြီ။ အနာဂတ်မှာ သောက်သုံးရေရှားပါးတဲ့ ပြဿနာတွေ ဆိုးရွားစွာ ဖြစ်ပေါ်လာနိုင်ပါတယ်။ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားသင့်တဲ့ အခြေအနေ ဖြစ်ပါတယ်"ဟု Blue Peace Middle East (BPME) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျော်ဒန်နိုင်ငံတွင်လည်း ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်နေပြီး မြေအောက်ရေခန်းခြောက်လာကာ သောက်သုံးရေရှားပါးသည့်ပြဿနာဖြင့် ရင်ဆိုင်ရမည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ သုတေသနရလဒ်များအရ ယခုရာစုနှစ် အလယ်ပိုင်းတွင် ဂျော်ဒန်နိုင်ငံ၌ ပုံမှန်ရွာသွန်းသည့် မိုးရေချိန်ပမာဏထက် ၁၇ ရာခိုင်နှုန်း ကျဆင်းလာဖွယ်ရှိနေပြီး ရာစုနှစ်အကုန်တွင် မိုးရေချိန်မှာ ၂၂ ရာခိုင်နှုန်းထိ ကျဆင်းနိုင်ဖွယ် ရှိနေကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အင်္ဂလန်နိုင်ငံ တွန်တင်မြို့တွင် ရေဘေးကာကွယ်ရေးအတားအဆီးကြောင့် ရေဘေးအန္တရာယ်ကို ထိရောက်စွာကာကွယ်နိုင်ခဲ့

**လန်ဒန် အောက်တိုဘာ ၁၈**

အင်္ဂလန်နိုင်ငံ တွန်တင်မြို့တွင် တည်ဆောက်ထားသည့် ရေဘေးကာကွယ်ရေး အတားအဆီးသည် ရေဘေးအန္တရာယ်ကို ထိရောက်စွာ ကာကွယ်နိုင်ခဲ့ပြီး နေအိမ်ပေါင်း ၇၀၀ ကျော်ကို ရေဘေးအန္တရာယ်မှ လွတ်ကင်းစေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ(EPA)က ထုတ်ပြန်ခဲ့သည်ဟု အောက်တိုဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

တွန်တင်မြို့သည် နှစ်စဉ်နှစ်တိုင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် မြို့ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ(EPA)၏ အစီအစဉ်ဖြင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည့်ဧရိယာတွင် ၂၀၂၄ ခုနှစ်အတွင်း ရေဘေးအန္တရာယ် ကာကွယ်ရေး အတားအဆီးများကို တည်ဆောက်ခဲ့ကြောင်း၊ အဆိုပါ ရေဘေးအန္တရာယ် ကာကွယ်ရေး အတားအဆီးကို တည်ဆောက်ရာတွင် စတာလင်ပေါင် ခြောက်သန်း ကုန်ကျခဲ့ပြီး ရေဘေးအန္တရာယ်ဖြင့် နှစ်စဉ်ရင်ဆိုင်နေရသည့် ဒေသများတွင်လည်း အဆိုပါအတားအဆီးများ အတိုင်း ထပ်မံဆောက်လုပ်သွားဖွယ်ရှိနေကြောင်း EPA က ထုတ်ပြန်ခဲ့သည်။

"ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးတွေဟာ ဒေသခံတွေအတွက် တကယ်ကို အကျိုးရှိသလို မရှိမဖြစ်လိုအပ်တဲ့ အတားအဆီးပဲ ဖြစ်ပါတယ်။ မြစ်ရေလျှံတက်တိုင်း တွန်တင်မြို့ မြောက်ဘက်ပိုင်းမှာ အန္တရာယ်ရှိတဲ့ ရေဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီအတားအဆီးတွေ တည်ဆောက်နိုင်ခဲ့ပြီးနောက်ပိုင်း ဒေသခံတွေ ရေဘေးအန္တရာယ်နဲ့ လွတ်ကင်းခဲ့တယ်။ နေအိမ်ပေါင်း ၇၀၀ လောက်ထိ ကာကွယ်ပေးနိုင်ခဲ့ပါတယ်"ဟု တွန်တင်မြို့တော်ကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ ကာရိုလိုင်းက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဩစတြေးလျနိုင်ငံရှိ ကာဗွန်စုပ်ယူသည့် အပူပိုင်းမိုးသစ်တောများက ကာဗွန်များ ထုတ်လွှတ်နေ

**ကင်ဘာရာ အောက်တိုဘာ ၁၈**

ဩစတြေးလျနိုင်ငံရှိ ကာဗွန်စုပ်ယူသည့် အပူပိုင်းမိုးသစ်တောများသည် ကာဗွန်များထုတ်လွှတ်နေကြောင်း ဩစတြေးလျနိုင်ငံရှိ Western Sydney တက္ကသိုလ်မှ သုတေသီများက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ အပူပိုင်းမိုးသစ်တောများသည် လူသားတို့၏ မဆင်မခြင်အပြုအမူများကြောင့် ဖြစ်ပေါ်လာသော ရာသီဥတု ပြောင်းလဲမှုများဖြစ်သည့် အပူချိန်မြင့်တက်ခြင်း၊ လေထုခြောက်သွေ့ခြင်းနှင့် မိုးခေါင်ခြင်းများကြောင့် လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ ထုတ်လွှတ်လာကြောင်း ဩစတြေးလျနိုင်ငံရှိ Western Sydney တက္ကသိုလ်၏သုတေသနအစီရင်ခံစာတွင် ဖော်ပြထားသည်။

သစ်တောများသည် ရုပ်ကြွင်းလောင်စာများမှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ တချို့ကိုစုပ်ယူခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို လျှော့ချ ပေးလျက်ရှိကြောင်း၊ သို့သော် အဆိုပါသုတေသနအစီရင်ခံစာတွင် ၎င်းသစ်တောများ၏ စွမ်းရည်သည် ကွယ်ပျောက်လာကြောင်း၊ လက်ရှိတွင် ဩစတြေးလျနိုင်ငံ၏ အပူပိုင်းမိုးသစ်တောများသည် ကမ္ဘာပေါ်တွင် ပထမဦးဆုံး ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို ပြသနေသည့် သစ်တောများ ဖြစ်လာကြောင်း Hawkesbury Institute for the Environment မှ သုတေသနအဖွဲ့ ဦးဆောင်သူ ဒေါက်တာ ဟန်နားကာလ်က ပြောကြားခဲ့သည်။

သုတေသန အချက်အလက်များအရ ကမ္ဘာလုံးဆိုင်ရာဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ပစ်မှတ်များအတွက် အဆိုပါဖြစ်ရပ်သည် သက်ရောက်မှုရှိလာနိုင်ပြီး ကမ္ဘာအနှံ့ရှိ အခြားအပူပိုင်းမိုးသစ်တောများတွင်လည်း ထိုသို့ပြောင်းလဲမှုများ ဖြစ်ပေါ်လာမလားဆိုသည်ကို စောင့်ကြည့်လေ့လာရန် အထူးလိုအပ်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# ဖိလစ်ပိုင်နိုင်ငံက ကာကွယ်ရေးဆိုင်ရာအဆင့်မြှင့်တင်ရာတွင် အရေးပါလာဖွယ်ရှိသော အိန္ဒိယနိုင်ငံ

ဖိလစ်ပိုင်နိုင်ငံသည် ကာကွယ်ရေးဆိုင်ရာ အဆင့်မြှင့်တင်တည်ဆောက်ရန် ၂၀၂၄ ခုနှစ်အတွင်း ၌ Re-Horizon 3 အစီအစဉ်ကို အတည်ပြုခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၅ ဘီလီယံ သုံးစွဲသွားမည့် ၎င်းအစီအစဉ်သည် ကျွန်းစုနိုင်ငံ၏ ကာကွယ်ရေးစနစ်ကို ခိုင်မာအားကောင်းစေမည်ဖြစ်သည်။ အဆိုပါအစီအစဉ်၏ စစ်လက်နက်ပစ္စည်းဝယ်ယူမှုစာရင်း၌ ရေငုပ်သင်္ဘောများ၊ တိုက်လေယာဉ်များ၊ ကင်းလှည့်ရေယာဉ်များ၊ ဖျက်သင်္ဘောများ၊ ကော်ဗက်စစ်ရေယာဉ်များနှင့်ဒုံးကျည်စနစ်များ ပါရှိသည်။

အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်နှင့်ပြင်သစ်နိုင်ငံတို့သည် ရေငုပ်သင်္ဘောများ၊ ကင်းလှည့်စစ်ရေယာဉ်များနှင့် တိုက်လေယာဉ်များရောင်းချရာ၌ ရှေ့တန်းမှရပ်တည်နေသည့်အချိန်တွင် ဖိလစ်ပိုင်သည် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံကို ဟန့်ချက်ထိန်းညှိနိုင်ရေးရည်မှန်းလျက် ခေတ်မီဒုံးကျည်များဝယ်ယူရန် အိန္ဒိယနိုင်ငံကို ရွေးချယ်ခဲ့သည်။

၂၀၂၅ ခုနှစ် ဩဂုတ်လအစောပိုင်းတွင် အိန္ဒိယနှင့် ဖိလစ်ပိုင်တို့သည် ၎င်းတို့၏ ဆက်ဆံရေးကို မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ခဲ့သည်။ ဖိလစ်ပိုင်အနေဖြင့် အမေရိကန်အပေါ် အလွန်အကျွံမှီခိုနေရမှုကို ရှောင်ရှားရန်နှင့် လုံခြုံရေးဆိုင်ရာမိတ်ဖက်နိုင်ငံများ တိုးမြှင့်ရှာဖွေရန် မဟာဗျူဟာကျယ်ကျယ်ပြန့်ပြန့်ချမှတ်ဆောင်ရွက်မှုတစ်စိတ်တစ်ဒေသအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးကို တိုးချဲ့လာခြင်းဖြစ်သည်။

အိန္ဒိယနှင့် ကာကွယ်ရေးဆိုင်ရာ နီးကပ်စွာဆက်ဆံခြင်းသည် ဖိလစ်ပိုင်နိုင်ငံကို ကန့်သတ်ချက်ရှိနေသော ကာကွယ်ရေးစွမ်းဆောင်ရည်များတိုးမြှင့်စေနိုင်မည်ဖြစ်သည်။ ထို့ပြင် စစ်လက်နက်ပစ္စည်းရောင်းချပေးမည့် နိုင်ငံတစ်နိုင်ငံတည်းကိုသာ မှီခိုအားထားရမှုလျှော့ချနိုင်မည့်အပြင် အိန္ဒိယနှင့် ယုံကြည်မှုတည်ဆောက်ပြီး စစ်လက်နက်ပစ္စည်းများကို ကာလရှည်ကြာ ဝယ်ယူသွားနိုင်မည်ဖြစ်သည်။

ဖိလစ်ပိုင်တပ်မတော်(AFP) ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရိုမီယိုဘရောနာက ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံမှ စစ်လက်နက်ပစ္စည်းများ ပိုမိုဝယ်ယူသွားရန် စီစဉ်ထားရှိကြောင်း၊ အိန္ဒိယစစ်လက်နက်ပစ္စည်းများသည် အခြားနိုင်ငံထုတ်စစ်လက်နက်ပစ္စည်းများထက် ဈေးနှုန်းသက်သာသည့်အပြင် စွမ်းဆောင်ရည်လည်း မြင့်မားကြောင်း လူသိရှင်ကြားပြောကြားသွားခဲ့သည်။

အိန္ဒိယနိုင်ငံကလည်း ဖိလစ်ပိုင်၏ ကာကွယ်ရေးပစ္စည်းများဝယ်ယူမှုအပေါ် သက်သာသောဈေးနှုန်းဖြင့် ရောင်းချသွားရန် ကမ်းလှမ်းထားရှိသည်။ ထို့ပြင် အိန္ဒိယနိုင်ငံသည် အတွေ့အကြုံမျှဝေခြင်းနှင့် နည်းပညာလွှဲပြောင်းပေးခြင်းအားဖြင့် ဖိလစ်ပိုင်၏ ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် ပံ့ပိုးကူညီသွားရန် ကောင်းမွန်သောအနေအထားကို ပိုင်ဆိုင်ထားသည်။

အထူးသဖြင့် အိန္ဒိယ၏ ဒုံးကျည်စနစ်များသည် ကမ်းခြေနှင့် လေကြောင်းရန်ကာကွယ်ရေးတို့တွင် ဖိလစ်ပိုင်၏ လိုအပ်ချက်များဖြေရှင်းရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သွားနိုင်မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် လွန်ခဲ့သောဆယ်စုနှစ်များစွာကတည်းက ဒုံးကျည်စွမ်းဆောင်ရည်များအပေါ် ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာ လုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် ပြည်ပအန္တရာယ်ဟန့်တားမှုစွမ်းဆောင်ရည်တည်ဆောက်သည်ထက် ပြည်တွင်းလုံခြုံရေးကိုသာ အာရုံစိုက်လုပ်ဆောင်ခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ လက်ရှိကာကွယ်ရေးအနေအထားသည် လေတပ်၌ဖြန့်ကြက်ထားသော အစ္စရေးနိုင်ငံမှ ဝယ်ယူထားရှိသည့် Spyder-MR တပ်ခွဲ သုံးခွဲစာနှင့် အိန္ဒိယနိုင်ငံထံမှဝယ်ယူထားရှိသော BrahMos ဒုံးကျည်တပ်ခွဲသုံးခွဲစာအပေါ်တွင်သာ လုံးလုံးလျားလျားမှီခိုရလျက်ရှိသည်။ ဖိလစ်ပိုင်ရေတပ်၌အသုံးပြုနေသော လက်နက်စနစ်များသည် မြေပြင်ခြိမ်းခြောက်မှုထက် သင်္ဘောဖျက်မစ်ရှင်များအတွက်သာ အလေးထားဖွဲ့စည်းတပ်ဆင်ထားရှိသည်။ ဖိလစ်ပိုင်ရေတပ်၌ ကိုရီးယားထုတ် C-Star




သင်္ဘောဖျက်ဒုံးကျည်များ၊ ပြင်သစ်ထုတ် Mistral 3 အမျိုးအစား ရေပြင်မှဝေဟင်ပစ် ဒုံးကျည်များနှင့် အစ္စရေးထုတ် Spkie ဒုံးကျည်စနစ်များကိုသာ တပ်ဆင်ထားရှိသည်။

မည်သို့ပင်ဆိုစေ အဆိုပါဒုံးကျည်အရေအတွက်သည် လုံလောက်မှုမရှိဘဲ တိုင်းပြည်၏ သီးသန့်စီးပွားရေးဇုန်နှင့် ဟာကွက်ရှိသောနေရာများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များသို့ မဟာဗျူဟာမြောက် ခွဲဝေတပ်ဆင်နိုင်ခြင်းမရှိသေးပေ။ စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုလုပ်ငန်းများ လုပ်ဆောင်နေသော်လည်း ဖိလစ်ပိုင်နိုင်ငံသည် စစ်ရေးစွမ်းဆောင်ရည်များတွင် ဒေသတွင်းရှိ အဆင့်တူနိုင်ငံများထက် နောက်ကျကျန်ရစ်လျက်ရှိသည်။

ဂါဇာအရေးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် အစ္စရေးထံမှ စစ်လက်နက်ပစ္စည်းများဝယ်ယူမည့်ကန်ထရိုက်များကို ဆိုင်းငံ့ထားခြင်း၊ အမေရိကန်ဖိအားကြောင့် ရုရှားစစ်လက်နက်ပစ္စည်းများ ဝယ်ယူရေးစာချုပ်များ နှောင့်နှေးကြန့်ကြာနေခြင်းအပြင် အမေရိကန်ထုတ် Patriot ကဲ့သို့သော အနောက်တိုင်းထုတ်စစ်လက်နက်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်နေခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံသည် စွမ်းဆောင်ရည်ကောင်းမွန်သည့်အပြင် ဈေးနှုန်းလည်းသင့်တင့်သောဒုံးကျည်များကို ဖိလစ်ပိုင်နိုင်ငံသို့ ရောင်းချပေးနိုင်သည့် နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။

အိန္ဒိယ၏ ဒုံးကျည်စနစ်များသည် ဖိလစ်ပိုင်တပ်မတော်၏ စစ်ဆင်ရေးလိုအပ်ချက်များနှင့် ကိုက်ညီလျက်ရှိသည်။ BrahMos ဒုံးကျည်တပ်ခွဲများကို Zambales ၌ အခြေစိုက်ထားမည်ဆိုလျှင် ကီလိုမီတာ ၂၅၀ အကွာရှိ Scarborough သောင်ဆွယ်ထိ ရောက်ရှိပစ်ခတ်နိုင်သည်။ ၎င်းဒုံးကျည်စနစ်၏ ရွှေ့ပြောင်းနိုင်မှုသည် တပ်ခွဲများကို နေရာပြန်ချနိုင်သောကြောင့် ပြိုင်ဘက်ရန်သူများကို ပစ်မှတ်ရှာဖွေရန်ခက်ခဲစေပြီး သက်ရှင်ကြွင်းကျန်နိုင်မှု မြင့်မားစေမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် ဖိလစ်ပိုင်တပ်မတော်၏ နယ်မြေဝင်ရောက်ခွင့်နှင့် နယ်မြေငြင်းဆိုခြင်း(A2/AD)အခြေခံသဘောတရား၏ အဓိကအစိတ်အပိုင်းအဖြစ်သော ကုန်းမြေအခြေစိုက် ဒုံးကျည်စနစ်ဝယ်ယူမှုစီမံကိန်း(LBMSAP)အရ အိန္ဒိယနိုင်ငံထံမှ ဒုံးကျည်စနစ်များ ပိုမိုဝယ်ယူသွားရန် ရည်မှန်းထားရှိသည်။ ဖိလစ်ပိုင်ရေတပ်အတွက် BrahMos ဒုံးကျည်တပ်ခွဲသုံးခွဲစာ မှာယူထားသည့်အပြင် ကြည်းတပ်အတွက်လည်း ၎င်းဒုံးကျည်တပ်ခွဲ ကိုးခွဲစာဝယ်ယူသွားရန် အပြီးသတ်ဆွေးနွေးပြီးဖြစ်သည်။

ဖိလစ်ပိုင်ကြည်းတပ်သည် မကြာသေးမီအချိန်အတွင်းကပင် ၎င်း၏လေကြောင်းရန်ကာကွယ်ရေးစနစ်များ တိုးချဲ့တပ်ဆင်သွားရန်ကြေညာမှုနှင့်အတူ ဖိလစ်ပိုင်အနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၀၀ တန်ဖိုးရှိသော အိန္ဒိယနိုင်ငံထုတ် Akash အမျိုးအစားမြေပြင်မှဝေဟင်ပစ်ဒုံးကျည်များ ဝယ်ယူသွားဖွယ်ရာရှိသည်ဆိုသောသတင်းများ ထွက်ပေါ်လာခဲ့သည်။ Akash ၏ စစ်ဆင်ရေးဆိုင်ရာထိရောက်စွာတာဝန်ထမ်းဆောင်မှုကို ယခုနှစ် မေလတွင် ဆင်နွှဲခဲ့သည့် Operation Sindoor ၌ မြင်တွေ့ခဲ့ရသည်။ အဆိုပါစစ်ဆင်ရေးကာလအတွင်း ၎င်းဒုံးကျည်သည် ပါကစ္စတန်၏ Fateh-1 ဒုံးကျည်ကို ကြားဖြတ်တိုက်ခိုက်ပစ်ချနိုင်ခဲ့သည်။

ဖိလစ်ပိုင်အနေဖြင့် Akash ဒုံးကျည်ဝယ်ယူရေးစာချုပ်ကို အတည်ပြုခဲ့ခြင်းမရှိသော်လည်း ၎င်းစနစ်သည် ဖိလစ်ပိုင်၏ ဟန့်တားမှုစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ၎င်း၏မဟာဗျူဟာမြောက်စစ်လက်နက်ပစ္စည်းများကာကွယ်ရန် အထူးသဖြင့် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ လေကြောင်းစွမ်းအားမြင့်တက်လာမှုကို ဟန့်ချက်ထိန်းညှိနိုင်ရေးကြိုးပမ်းနေမှုများအတွက် သင့်လျော်မှုရှိနေသည်။

ထို့ပြင် ဖိလစ်ပိုင်တပ်မတော်သည် အိန္ဒိယ၏ Pralay အမျိုးအစား ရေပြင်မှရေပြင်ပစ်ဒုံးကျည်များကိုလည်း စိတ်ဝင်စားမှုရှိကြောင်း သတင်းများတွင် ဖော်ပြလျက်ရှိသည်။ Pralay ဒုံးကျည်သည် ဖိလစ်ပိုင်တပ်မတော်ကို ရေဒါနေရာများ၊ အမိန့်ပေးစင်တာများ၊ အုပ်ချုပ်ထောက်ပံ့မှုနေရာများနှင့် လေယာဉ်ကွင်းများကဲ့သို့သော တန်ဖိုးကြီးမားသည့် ကုန်းတွင်းပိုင်းပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသည်။

ဘက်ပေါင်းစုံမှတိုက်ခိုက်မှုခံရနိုင်သည့် ကျွန်းနိုင်ငံဖြစ်သော ဖိလစ်ပိုင်အတွက်မူ Pralay ဒုံးကျည်သည် အရေးပါသောစွမ်းဆောင်ရည် ဖြစ်လာနိုင်သည်။ သို့သော် ဒုံးကျည်နည်းပညာထိန်းချုပ်မှုအရ ပြည်ပနိုင်ငံများသို့တင်ပို့မည့် Pralay ဒုံးကျည်မှုကွဲများသည် ပစ်ခတ်ရောက်ရှိနိုင်မှုအကွာအဝေး ကီလိုမီတာ ၂၉၀ သာ ရှိနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းအကွာအဝေးပြင်ပရှိ ပစ်မှတ်များကို ပစ်ခတ်ချေမှုန်းနိုင်မည်မဟုတ်ချေ။

ဖိလစ်ပိုင်အနေဖြင့် BrahMos ဒုံးကျည်များအသုံးပြုနေပြီဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံထုတ်ဒုံးကျည်များထပ်မံဝယ်ယူခြင်းသည် ပေါင်းစပ်ဆောင်ရွက်နိုင်မှုမြှင့်တင်နိုင်ပြီး လေ့ကျင့်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုတို့ကို လွယ်ကူရိုးရှင်းစွာလုပ်ဆောင်နိုင်လာမည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ ဒုံးကျည်များအပြင် ကမ်းခြေစောင့်စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် ရေငုပ်သင်္ဘောများကိုပင်လျှင် ဝယ်ယူသွားရန်လည်း စဉ်းစားသုံးသပ်လျက်ရှိသည်။

သို့သော် အဆိုပါစနစ်များသည် ဈေးနှုန်းချိုသာသည့်တိုင်အောင် များစွာရင်းနှီးမြှုပ်နှံသွားရမည်ဖြစ်သည်။ ဖိလစ်ပိုင်လွှတ်တော်သည် ၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်တပ်မတော် ခေတ်မီအဆင့်မြှင့်တင်ရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကိုသာ အတည်ပြုပေးထားသည်။ ထို့ပြင် ဖိလစ်ပိုင်အနေဖြင့် ဂျက်တိုက်လေယာဉ်များနှင့် ကမ်းလွန်ကင်းလှည့်ရေယာဉ်များကိုလည်း ဝယ်ယူသွားရန် စဉ်းစားသုံးသပ်ရလျက်ရှိသည်။

ထို့ကြောင့် အတိုးနှုန်းသက်သာသည့်ချေးငွေများကဲ့သို့သော လုပ်သာကိုင်သာရှိသည့် ဘဏ္ဍာရေးဆိုင်ရာ ရွေးချယ်ရန်အခွင့်မလမ်းများမရှိလျှင် တန်ဖိုးကြီးမားသော စစ်လက်နက်ပစ္စည်းများ စဉ်ဆက်မပြတ်ဝယ်ယူနိုင်ရေးသည် စိန်ခေါ်မှုများရှိလာနိုင်သည်။ အထူးသဖြင့် ဖိလစ်ပိုင်ကာကွယ်ရေးဆိုင်ရာစီမံကိန်းရေးဆွဲသူများသည် တိုင်းပြည်၏ရေရှည်မဟာဗျူဟာမြောက်ရည်မှန်းချက်များကို အကောင်းဆုံးသယ်ပိုးနိုင်မည့်လက်နက်စနစ်များကို ရွေးချယ်နိုင်ရန် အမျိုးသားခြိမ်းခြောက်မှုများ၊ ဘတ်ဂျက်ကန့်သတ်ချက်များနှင့် စစ်ဆင်ရေးဆိုင်ရာလိုအပ်ချက်များကို သေသေချာချာဆန်းစစ်အကဲဖြတ်လုပ်ဆောင်သွားရန် လိုအပ်သည်။

ဆိုရလျှင် အင်ဒို-ပစိဖိတ်ဒေသတွင် လုံခြုံရေးဆိုင်ရာ မသေချာမရေရာမှုများမြင့်တက်လာသည့်အချိန်၌ ဖိလစ်ပိုင်နှင့်အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ တိုးမြှင့်လာခဲ့သည်။ ဖိလစ်ပိုင်နှင့် အိန္ဒိယတို့ နှစ်နိုင်ငံကြား တိုးတက်လာသောမိတ်ဖက်ဆက်ဆံရေးတွင် BrahMos အသံလွန်ဒုံးကျည်များကို ဖိလစ်ပိုင်၏ ဝယ်ယူမှု၊ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်သွားရောက်လည်ပတ်မှုနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများနှင့် ချစ်ကြည်ရေးခရီးစဉ်များကဲ့သို့သော ပင်လယ်ရေကြောင်းဆိုင်ရာလှုပ်ရှားမှုကို တိုးမြှင့်လုပ်ဆောင်မှုများပါဝင်သည်။

ထို့ပြင် လက်ရှိအချိန်တွင် ဖိလစ်ပိုင်သည် Akash အမျိုးအစား မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ဝယ်ယူရန် အိန္ဒိယနှင့်ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် ၎င်း၏စွမ်းဆောင်ရည်မြင့်မားသောလက်နက်စနစ်များကို သင့်တင့်သောဈေးနှုန်းဖြင့်ရောင်းချလျက် ဖိလစ်ပိုင်၏ ကာကွယ်ရေးဆိုင်ရာ ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုစီမံကိန်းတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **India supplying Philippines the missiles it needs to fend off China by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ဝက်ဝံကလေးရဲ့နောင်တ

ကလေးတို့ရေ ဒီတစ်ပတ် တီလေးပြောပြမဲ့ ပုံပြင်ကလေးကတော့ ဝက်ဝံကလေးရဲ့နောင်တဆိုတဲ့ ပုံပြင်ကလေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါက အရှေ့တောအုပ်ကြီးတစ်ခုမှာ ဝက်ဝံမိသားစုတစ်စု နေထိုင်ကြသတဲ့။ အဖေဝက်ဝံ၊ အမေဝက်ဝံတို့နဲ့အတူ ဝက်ဝံသားလေး သုံးကောင်ရှိသတဲ့။ အကြီးကောင်ဝက်ဝံလေးနဲ့ အလတ်ကောင်ဝက်ဝံလေးတို့က အနေအေးပြီး လိမ္မာသလောက် အငယ်ကောင်ဝက်ဝံလေးက အနည်းငယ် ဆိုးသွမ်းပြီး မိဘစကားကိုလဲ နားမထောင်ဘဲ အမြဲပြဿနာရှာနေတတ်သတဲ့ကွယ်။

သူက ဘယ်လိုပြဿနာရှာတာလဲဆိုတော့ သူတို့နေထိုင်တဲ့ တောအုပ်ရဲ့အနောက်အရပ်မှာရှိတဲ့ တောအုပ်ထဲက တောတွင်းသတ္တဝါတွေ နယ်မြေကျော်လာတဲ့အခါ ရန်စပြောဆိုတတ်တာဖြစ်ပြီး ရံဖန်ရံခါ ရန်ဖြစ်သတ်ပုတ်တဲ့ထိ ပြဿနာတွေဖြစ်ကြရသတဲ့။

"သားငယ်ရယ်. . . သူတို့တောအုပ်ထက် ဒီတောအုပ်က အစာရေစာပေါများတယ်လေ။ သူတို့လဲ အစာရှာရင်း ရောက်လာတာ။ သူ့အပိုင်၊ ကိုယ့်အပိုင်လုပ်ပြီး ရန်စောင်နေစရာမှမလိုတာ။ သားငယ် ဒီလိုတွေ ဆက်လုပ်နေရင် နောင်အခါ ဒုက္ခရောက်လိမ့်မယ်"

"ဟာဗျာ. . . ဘာဒုက္ခရောက်စရာရှိလဲ။ ကျုပ်တို့ အရှေ့တောအုပ်ဆိုတာ အမြဲစိမ်းစိုပြီး သစ်သီးဝလံဆိုတာလဲပေါမှပေါ။ အရှေ့တောအုပ်မှာနေတဲ့ ကျုပ်တို့က ဘယ်တော့မှဒုက္ခမရောက်ဘူး။ တစ်ခုတော့ရှိတာပေါ့။ သူတို့အနောက်တောအုပ်မှာ အစာရေစာ ရှားတိုင်း အရှေ့တောအုပ်ကို တိုးဝင်လာသမျှ ပြုံးပြုံးကြီး ထိုင်ကြည့်နေရင် ကြာရင် ကျုပ်တို့ပါငတ်မှာဗျ။ ဒါကြောင့် ကျုပ်က အမုန်းခံပြီး ပြောနေရတာ"

"အရှေ့တောအုပ်ကော၊ အနောက်တောအုပ်ကော ဘယ်သူပိုင်တာမှမဟုတ်တာ။ အသက်ရှင်ရပ်တည်ဖို့အတွက် သတ္တဝါတွေ အတူတူရုန်းကန်နေရတာပဲ။ ငါတို့တောအုပ်၊ သူတို့တောအုပ်ဆိုပြီး ခွဲခြားနေစရာမှမလိုတာ"

"ကျုပ်ကို တရားလာမဟောနဲ့ဗျာ။ ကျုပ်ကို နားငြီးအောင် ဘာမှလာမပြောကြနဲ့"

ဝက်ဝံကလေးဟာ မိဘတွေ ဘယ်လောက် ပြောပြော နားမထောင်ဘဲ အရှေ့တောအုပ်မှာ ဗိုလ်လုပ်လို့နေပါတော့တယ်။ အနောက်တောအုပ်က သတ္တဝါတွေလဲ ဝက်ဝံကလေးကို တွေ့တဲ့အခါ မျက်နှာချိုသွေးရ၊ သူတို့ရှာဖွေထားတဲ့ထဲက လက်ဆောင်ယူပါဆိုပြီး ထိုးပေးရနဲ့ သူ့ကိုအလိုက်အထိုက်ဆက်ဆံကြရသတဲ့။

ဒါကို ဝက်ဝံကလေးက သူ့ကိုအခြားသတ္တဝါတွေက ကြောက်ကြတယ်ဆိုပြီး အမြဲဂုဏ်ယူနေတတ်သတဲ့ကွယ်။



ဒီလိုနဲ့ ရာသီဥတုဆိုးရွားဖောက်ပြန်တဲ့ နှစ်တစ်နှစ်ရောက်လာခဲ့တာပေါ့ကွယ်။ အရှေ့တောအုပ်ဟာ မိုးအလွန်များပြားတာ၊ မြေပြိုတာကြောင့် သစ်ပင်တွေပြိုလဲ၊ မြေဆီမြေနှစ်မှာ အလေ့ကျပေါက်ရောက်တဲ့ သစ်ပင်တွေမပေါက်ရောက်နိုင်ဘဲ သစ်ဥသစ်ဖုတွေရှာမရအောင် ရှားပါးတာတွေ မကြုံဖူးဖြစ်လာသတဲ့ကွယ်။

အရှေ့တောအုပ်ကို မှီခိုနေကြတဲ့ သတ္တဝါတွေလဲ အငတ်ဘေးကို အန်တုဖို့အတွက် သဘာဝဘေး အန္တရာယ်ထိခိုက်မှုနည်းပါးတဲ့ အနောက်တောအုပ်မှာ ဝမ်းစာရှာထွက်ရသတဲ့ကွယ်။

အခြားသတ္တဝါတွေကတော့ သူ့တောအုပ်၊ ကိုယ့်တောအုပ်အဖြစ် မခွဲခြားထားတဲ့အတွက် အနောက်တောအုပ်အတွင်းကိုဝင်ပြီး အစာရှာရကြပေမဲ့ ဝက်ဝံကလေးကတော့ အနောက်တောအုပ်ဘက်ဆီ မသွားရဲတာမို့ အဖေ၊ အမေနဲ့ အစ်ကိုဝက်ဝံတွေရှာကျွေးတာကို စားရရှာသတဲ့ကွယ်။

ကိုယ်တိုင် ရှာစားရတာမဟုတ်တော့ အစားကြီးတဲ့ ဝက်ဝံကလေးဟာ အာသာမပြေဖြစ်ပြီး-

"အစ်ကို. . . သစ်သီးရှိရင် ပေးပါအုံးဗျ။ ကျုပ်ဗိုက်မပြည့်ဘူး ဆာနေပြန်ပြီ"

"ငါတို့လဲ သယ်နိုင်သလောက် သယ်လာတာပဲ ပိုလဲမစားဘူး။ မျှမျှတတ ဝေမျှစားကြတာပဲလေ။ မင်းကိုက အစားကြီးလွန်းပါတယ်။ ကဲ ကဲ. . . ဒီလိုလုပ် နောက်နေ့ကျရင် ငါတို့အားလုံး အနောက်တောအုပ်ကို ပြောင်းကြမယ်။ ရာသီဥတုအခြေအနေကောင်းပြီး အရှေ့တောအုပ် စိမ်းစိမ်းစိုစိုဖြစ်မှ ငါတို့ပြန်ပြောင်းကြတာပေါ့"

အစ်ကိုဝက်ဝံစကားက ဖြစ်သင့်တဲ့စကားမှန်း သိပေမဲ့ ဝက်ဝံကလေးမှာ ပြောင်းရွှေ့ကြမဲ့ကိစ္စကို အလွယ်တကူလက်မခံရဲဘဲ ဖြစ်နေသတဲ့ကွယ်။

အကြောင်းကတော့ အရှေ့တောအုပ်မှာ ရာသက်ပန် အဆင်ပြေမယ်အထင်နဲ့ အနောက်တောအုပ်က သတ္တဝါတွေကို ရန်စောင်ထားခဲ့ဖူးတာမို့ မဝံ့မရဲဖြစ်နေရတာပေါ့ကွယ်။

ဝက်ဝံကလေးရဲ့အခြေအနေကို သဘောပေါက်တဲ့ မိဘနှစ်ပါးက ဝက်ဝံကလေးကို ကြုံကြိုက်တဲ့အခွင့်သာခိုက်ဆုံးမကြသတဲ့။

"ကဲ. . .သားငယ် ဘဝဆိုတာ နိမ့်ချည်တစ်လှည့် မြင့်ချည်တစ်လှည့်ရှိတယ်ကွဲ့။ တစ်သက်လုံး အမြင့်မှာ နေရမယ်ထင်ပြီး လက်မကြီးထောင်ထားဖူးရင် တကယ်တမ်း နိမ့်သွားတဲ့အခါကျ ထောင်ထားတဲ့ လက်မကြီးကို ပြန်ချရတာ ရှက်စရာပေါ့။ အနောက်တောအုပ်က မိတ်ဆွေတွေက မင်းအပေါ် နားလည်ခွင့်လွှတ်ကြပါတယ်။ သူတို့က ဗွေလဲမယူပါဘူး။ မင်းဘာသာမင်း အနေခက်နေတာပါ။ မျက်နှာလဲ ပူမနေနဲ့။ ဝမ်းရေးအတွက် အဆင်ပြေရာမှာ ခေတ္တခဏနေရမှာပဲ။ မနက်ဖြန် အနောက်တောအုပ်ကို ပြောင်းနေကြမယ်။ မင်းလဲ တစ်ပါတည်းလိုက်ခဲ့။ နောက်များ ဒါကို သင်ခန်းစာယူပြီး ဆင်ခြင်ပေါ့ကွာ"

ဝက်ဝံကလေးလဲ နောင်တနဲ့ အသိတရားရပြီး အရင်ကအပြုအမူအနေအထိုင်တွေ မရှိတော့ဘဲ ကောင်းကောင်းမွန်မွန် နေထိုင်တော့သတဲ့ကွယ်။

အရှေ့တောအုပ်ကြီး ပြန်လည်စိမ်းစိုသာယာလာတဲ့အခါမှာလဲ တောအုပ်အတွင်း ဘယ်သူပဲ အစာလာရှာရှာ ရန်စောင်တိုက်ခိုက်တာမပြုတော့ဘဲ တောတွင်းတိရစ္ဆာန်အားလုံးနဲ့ ချစ်ချစ်ခင်ခင် နေထိုင်တတ်လာသတဲ့ကွယ်။ ဝက်ဝံကလေးလဲ ချစ်ခင်သူမိတ်ဆွေတွေ တိုးပွားလာပါတော့တယ်။

သားတို့သမီးတို့လဲ ဝက်ဝံကလေးလို အသိတရားလေးနဲ့ လောကနီတိ၊ ပြည်သူ့နီတိတရားတွေ လက်ကိုင်ထားလို့ အနိမ့်အမြင့်လောကဓံကို အကောင်းဆုံးရင်ဆိုင်နိုင်ကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ပါတယ်ကွယ်။

**ယွန်းနှင်းဆီခိုင်**

## မင်္ဂလာ ငွေချိုးဖြူ

A ငွေချိုးဖြူက တကူကူ
တွန်သံ ချိုအေးကူ။

A ငြိမ်းချမ်းအတူ သင်္ကေတ
တေးသီ သာယာလှ။

A ပြည်ရွာသုခ ကျက်သရေ
မင်္ဂလာရှိပါပေ။

A အေးချမ်းပါစေ မြန်ပြည်သို့
နိမိတ်ကောင်းယူစို့။ ။



**မောင်စစ်သွေး**

## ကြောင်နှင့်ကြွက်

A ကြောင်ကလေးမိရှေ့ဝါ
မီးဖိုချောင်နားလာ။
မီးဖိုချောင်မှာ တကုပ်ကုပ်
ကြွက်နီအလုပ်ရှုပ်။

A ကိုကြွက်နီနဲ့ မိရှေ့ဝါ
ထိပ်တိုက်တွေ့ဆုံလာ။
ဒေါသပယ်ခွာမေတ္တာပွား
လက်တွဲနှုတ်ဆက်သွား။
(ရန်မီးငြိမ်းစေသား)။ ။



**ကျောက်သင်ပုန်း**

ဗုဒ္ဓ ဓမ္မ သံဃ
35 CORNER မျက်မှန်ဆိုင်
ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ
ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နှေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။
"ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။"
ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့်စက်တင်ဘာလတစ်လအတွင်း ဇီယာဆန်၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ဇီယာဆန်အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရတယ်။ မအူပင်မြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဒီဇီယာဆန်က စားကောင်းတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီဆန်တွေကို ရန်ကုန်ဘက်ကဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဇီယာဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် လတ်တလော ဒီဆန်အမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်" ဟု မအူပင်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဇီယာဆန်အိတ်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## မိုင်းယန်းမြို့နယ် နမ့်မုတ်ကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းလွေကျေးရွာအုပ်စု နမ့်မုတ်ကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း အခြေအနေများကို အောက်တိုဘာ ၁၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့်ကုမ္ပဏီမှ တာဝန်ရှိသူများက နမ့်မုတ်ကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းအရှည်နှစ်မိုင်နှင့် ဂါလန် ၅၀၀၀၀ဆံ့ ရေကန်တည်ဆောက်ခြင်းလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးဦးရန်ကျော်က ကုမ္ပဏီမှ တာဝန်ရှိသူများကို လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

နမ့်မုတ်ကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်း အရှည်ပေနှစ်မိုင်၊ဂါလန်၅၀၀၀၀ဆံ့ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းကို တင်ဒါအောင်မြင်သည့် နန်းဆက်ကုမ္ပဏီက ယခုဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၁၁၀ သန်းဖြင့် ဇူလိုင်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက နမ့်မုတ်ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်ထံမှ သိရသည်။

**အောင်ရဲကျော်**







## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ကချင်ပြည်နယ်၊ တနိုင်းမြို့၊ ဆွတ်ငိုင်ရပ်ကွက်၊ အိမ်အမှတ်-ဆင/၄၈၆ တွင် ကျွန်တော် ဒေါ်ချောက်စာမြီး (၉/မကန(နိုင်)၀၇၉၃၇၃)မှ **တက်လမ်း** အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်ချောက်စာမြီး(၉/မကန(နိုင်)၀၇၉၃၇၃)ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ၊ Viber တစ်ဆင့် ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်အကြောင်းကြားနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ချောက်စာမြီး
တက်လမ်း သောက်ရေသန့်
အိမ်အမှတ်-ဆင/၄၈၆၊ ဆွတ်ငိုင်ရပ်ကွက်၊ တနိုင်းမြို့၊ ကချင်ပြည်နယ်၊
ဖုန်း ၀၉-၄၀၂၅၂၅၆၃၂၊ ၀၉-၇၉၁၀၁၄၂၉၅၊
Viber - ၀၉-၄၀၂၅၂၅၆၃၂။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အကွက်(၈၄၁)နေ ဦးအောင်သက်နိုင်မြင့်၏ သမီး မရွှေယမင်းအောင်(ခ)မထိုက်ရတီအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မရွှေယမင်းအောင် (ခ)
မထိုက်ရတီအောင်

## လျှပ်စစ်မီးကို ချွေတာ သုံးစွဲပါ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



❖ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင် ရှိနေကြောင်း...

❖ ထို့ကြောင့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍လည်း လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်က သီပေါမြို့ကို ပြန်လည်ထိန်းချုပ်ရရှိခဲ့သဖြင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ သီပေါမြို့သို့ ရောက်ရှိလာရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆို



နေပြည်တော် အောက်တိုဘာ ၁၈

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် သီပေါမြို့အား အောက်တိုဘာ ၁၇ ရက်တွင် တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

သီပေါမြို့နယ်တစ်ဝိုက်ကို အကြမ်းဖက်သောင်းကျန်းသူများ စာမျက်နှာ ၁၉ ကော်လံ ၁ ☆

အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ သီပေါမြို့သို့ ရောက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုကြစဉ်။

မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ စာမျက်နှာ - ၂၁

ကျောက်မဲမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စာမျက်နှာ - ၂၃

## ရန်ကုန်-ပုဂံ ရထားလမ်းပိုင်းအတွင်း အမှတ်(၆၁)အဆန်၊ (၆၂)အစုန်လူစီးရထား ပြန်လည်ပြေးဆွဲမည်

နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရန်ကုန်-အောင်လံ-ပုဂံ ရထားလမ်းပိုင်းပေါ်ရှိ ဆတ်သွားနှင့် ကိုးပင်ကြား တံတားအမှတ်(၃၄၃) ရန်ပယ်ချောင်းကူးတံတားသည် ရေတိုက်စားပျက်စီးခဲ့ခြင်းကြောင့် ရန်ကုန်-အောင်လံ-ပုဂံ ပြေးဆွဲနေသော အမှတ်(၆၁)အဆန်၊ (၆၂)အစုန်ရထားများကို စက်တင်ဘာ ၃၀ ရက်မှစ၍ ယာယီရပ်နားထားခဲ့ရသည်။

မြန်မာ့မီးရထားအနေဖြင့် အဆိုပါ ပျက်စီးမှုများကို ဦးစားပေးပြုပြင်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် စာမျက်နှာ ၂၃ ကော်လံ ၁ ❑




ဗန္ဓုလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း
G & G Store ဆိုင်များ
ပုသိမ်သူ Online
Easy Ticket, Go - Auto Ticket
ရန်ကုန်
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်
